# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရား၌တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိဋက(ဓမ္မပဒ -၂၁၇)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 10 August 2025 ၁၁၉၀၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက် သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများ လက်မှတ်ရေးထိုး**

စာမျက်နှာ » ၃

**နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်များဘဝမြှင့်ကြစို့ ...**

ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၂


## မန္တလေးမြို့ပေါ်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၅၇၃၈ ပါးတို့အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနား ကျင်းပ

မန္တလေး ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၅၇၃၈ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီး၌ ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖






## မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း စိုက်ပျိုးပြီးစီး

မင်းဘူး ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၃၅၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖူးစားပြောင်းများကို ၂၄၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဖူးစားပြောင်း ၂၃၅၇ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၂၄၅၅ ဧက စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့အထိ ဖူးစားပြောင်း ၂၃၅၇ ဧက စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ပါတယ်။ ဖူးစားပြောင်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တောင်သူတွေကို စိုက်ဧကများများ တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်း တိုးတက်ကောင်းမွန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးကြဖို့နဲ့ GAP နည်းစနစ်နဲ့ စိုက်ပျိုးကြဖို့ အသိပညာပေးတာတွေကို

စာမျက်နှာ ၄ ကော်လံ ၃ သို့ ✪

ကြေးမုံ

# လုပ်ရည်ကိုင်ရည်ရှိသူများနှင့် နိုင်ငံတော်အကျိုး ဆက်လက်သယ်ပိုး

မြန်မာနိုင်ငံသည် ရေခံမြေခံ၊ အခြေခံကောင်းများရှိပြီးဖြစ်သည့် နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ လုပ်ငန်းစဉ်များ၊ ရည်မှန်းချက်များ၊ စီမံကိန်းများကို လုပ်ရည်ကိုင်ရည်ရှိသူများ၊ နိုင်ငံတော်ကို ကောင်းမွန်စေလိုသော စေတနာရှိသူများအားလုံး လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါက နိုင်ငံတော်အနေဖြင့် စိန်ခေါ်မှုနှင့် အကျပ်အတည်းများ မည်သို့ရှိသည်ဖြစ်စေ အခက်အခဲမှန်သမျှတို့အား လွန်မြောက်ကျော်လွှားပြီး နိုင်ငံအကျိုးကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် လေးနှစ်ခွဲကျော်ကာလအတွင်း နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရန် ဖြစ်ပေါ်လာသည့် အခြေအနေများအရ နိုင်ငံတော်အစိုးရက အကောင်းဆုံး ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်တာဝန်ယူခဲ့ပြီး နောက်ပိုင်းကာလတွင် လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် အရပ်ဘက်၊ စစ်ဘက် အတွေ့အကြုံရှိပြီး လုပ်ရည်ကိုင်ရည်ရှိသူများကို အမြန်ရွေးချယ်၍ တာဝန်ပေးအပ်ခဲ့ခြင်းကြောင့် လုပ်ငန်းနယ်ပယ်အသီးသီးနှင့် အစိုးရယန္တရားများ ကောင်းမွန်စွာ လည်ပတ်နိုင်ခဲ့သည်။ အရေးပေါ်အခြေအနေကာလတွင် အခက်အခဲများနှင့် ပိတ်ဆို့နှောင့်ယှက်မှုအများအပြားကြားမှ လုပ်ငန်းများ အောင်မြင်စွာလည်ပတ်နိုင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံရေးပိုင်းဆိုင်ရာတွင် ပြည်သူများရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဖြောင့်မတ်စွာလျှောက်လှမ်းလျက်ရှိသည်။ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများ၏ အစိတ်အပိုင်းဖြစ်သည်။ ပြည်သူများက ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလိုသည်ဟု ဆန္ဒရှိသဖြင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် အုတ်မြစ်ချပေးခဲ့သည်။ လက်ရှိအချိန်တွင် ပြည်သူများ၏ လိုလားချက်ဆန္ဒများအား မျက်ကွယ်မပြုဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ပေါ်ပေါက်လာစေရန် အစဉ်တစိုက်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ ရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကကျပြီး အရေးကြီးသောအချက်ဖြစ်သည်။ စီးပွားရေးအား ကောင်းမွန်မှသာလျှင် နိုင်ငံရေးအားလည်း ကောင်းမွန်လာပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် ဝိုင်းဝန်းမြှင့်တင်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးပိုင်း၌ အားနည်းချက်များရှိနေခြင်းသည် စီးပွားရေးလုပ်ဆောင်နိုင်မည့် အတတ်ပညာ အားနည်းနေခြင်းကြောင့်ဖြစ်သည်။ အတတ်ပညာသည် အတန်းပညာတွင် အခြေခံသောကြောင့် ပညာရေးကို မဖြစ်မနေ အားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ပေါ်ပေါက်လာမည့် လွှတ်တော်အခင်းအကျင်းတွင် ဥပဒေပြုသူများ ပါဝင်မည်ဖြစ်၍ ပညာရေးကောင်းမွန်ပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းကောင်းမွန်မည့် ကိုယ်စားလှယ်များ ပါဝင်ရန်လိုအပ်သည်။ အလားတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးစသည့် နယ်ပယ်အသီးသီးတွင်လည်း စိတ်ကောင်းစေတနာမှန်နှင့် လုပ်ရည်ကိုင်ရည်ရှိသူများ ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုကဲ့သို့ အခြေအနေကောင်းတစ်ခုသို့ ရောက်ရှိလာခြင်းသည် နိုင်ငံတော်အပေါ် စေတနာထားသူများနှင့် လုပ်ရည်ကိုင်ရည်ရှိသူများ အားလုံးပူးပေါင်းပါဝင်ပြီး အခက်အခဲပေါင်းစုံတို့ကို ရင်ဆိုင်ကျော်ဖြတ်ကာ အောင်မြင်လာခြင်းဖြစ်၍ လာမည့် အနာဂတ်ကာလတွင်လည်း ကြိုးစားအားထုတ်ရကျိုးနပ်မည်ဟု ယုံကြည်သည်။ နိုင်ငံတော်ကို အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းတည်ဆောက်ကြရာ၌ နယ်ပယ်ကဏ္ဍအသီးသီး၌ အရည်အချင်းရှိသူများ ပါဝင်ဆောင်ရွက်ကြရန် လိုအပ်သလို ပြည်သူလူထုတစ်ရပ်လုံးကလည်း တတ်စွမ်းသရွေ့တစ်တပ်တစ်အား ဝိုင်းဝန်းကူညီပူးပေါင်းဆောင်ရွက်ပေးကြမှသာလျှင် ငြိမ်းချမ်းသာယာဝပြောသည့် ဒီမိုကရေစီနိုင်ငံသစ်ကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

**နေပြည်တော် ဩဂုတ် ၉**

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် အင်အားရစ် (ခ်) တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များကို မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့် စပ်လျဉ်း၍ အလှူရှင်များက လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများကို ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Websiteနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဩဂုတ် ၉**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ဘာသာပြန်(သုတ)၊ ပထမဆုရ **"ဒီပံလင်း"** ရေးသားသည့် **"ကပ်ရောဂါဘေးကင်းစေရေး"** စာအုပ်ကို ၂၀၂၅ခုနှစ် ဩဂုတ်လ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၉**

ယနေ့မွန်းလွဲ ၁၂နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဩဂုတ် ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ၉ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား ၁၆.၃၂၉၃၂၅ ဂရမ်၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့



ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများလက်မှတ်ရေးထိုး

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေသည် ဩဂုတ် ၇ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဩဂုတ် ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက် လက်မှတ်ရေးထိုးခဲ့ကြသည်။

ဩဂုတ် ၉ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးအကြီးအကဲများဖြစ်သည့် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jong Ho Bom၊ ရုရှားနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskander Azizov၊ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mrs. Ponnamperuma Arachchige Prabashini Ponnamperuma၊ အင်ဒိုနီးရှားနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Muhammad Arif Hidayatullah၊ ပါကစ္စတန်နိုင်ငံသံရုံးယာယီတာဝန်ခံ Mr. Anwar Zeb၊ ကာတာနိုင်ငံသံရုံးယာယီတာဝန်ခံ Dr. Rashid Abdulla AL-Kuwari၊ ဘရူနိုင်းနိုင်ငံသံရုံးယာယီတာဝန်ခံ Mr. Aizul Aziz၊ ဆော်ဒီအာရေဗျနိုင်ငံသံရုံးယာယီတာဝန်ခံ Mr. Abdullah A. Al-Hoshan တို့က ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။ ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သံအမတ်ကြီးများနှင့်သံရုံးအကြီးအကဲများက ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jong Ho Bom လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ပါကစ္စတန်နိုင်ငံသံရုံးယာယီတာဝန်ခံ Mr. Anwar Zeb လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ကာတာနိုင်ငံ သံရုံးယာယီတာဝန်ခံ Dr. Rashid Abdulla AL-Kuwari လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ဆော်ဒီအာရေဗျနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Abdullah A. Al-Hoshan လက်မှတ်ရေးထိုးစဉ်။

❖ **ရှေ့ဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီး အမှူးပြုသောသံဃာတော် ၄၅ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၏ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကေသရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဒါန်းရခြင်း အကြောင်းနှင့်စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။



ထို့နောက် မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော်ကြီးနှင့် ဆရာတော် သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်္ကန်း၊ နဝကမ္မဝတ္ထုငွေများနှင့် ဆွမ်းဆန်တော်၊ ဆား၊ ဆီ၊ ကြက်သွန်နီ၊ ကုလားပဲ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ နေ့ဆွမ်းဆက်ကပ်ကြသည်။

ယနေ့ပြုလုပ်သောလှူဒါန်းမှု၌ မန္တလေးမြို့ပေါ်ခုနစ်မြို့နယ်ဖြစ်သော အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ပုသိမ်ကြီး၊ အမရပူရတို့တွင် ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ ၄၀၄၀၅ ပါး၊ သီလရှင်ဆရာကြီး၊ ဆရာလေး ၅၃၃၃ ပါး စုစုပေါင်း ၄၅၇၃၈ ပါးတို့အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆွမ်းဆန်တော် ၅၇၁၇ ဒသမ ၂၅ အိတ်၊ ဆီ ၁၁၄၃၄ ဒသမ ၅ ပိဿာ၊ ဆား ပိဿာ ၅၀၀၊ ကြက်သွန်နီ ၁၁၄၃၄ ဒသမ ၅ ပိဿာ၊ ကုလားပဲ ၁၁၄၃၄ ဒသမ ၅ ပိဿာ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၈၈၀၀ ကျော်တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပညာသင်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဩဂုတ် ၉**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများ ပညာသင်ထောက်ပံ့ခြင်းနှင့် ၂၀၂၄-၂၀၂၅ ပညာသစ်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၂၂)၌ ကျင်းပသည်။

အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆုရရှိသူ ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုက်တွန်းပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏သားသမီးများ ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အုတ်မြစ်ဖြစ်ကြောင်း၊ ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့်သာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တည်ဆောက်နိုင်မည်ဖြစ်သည့် အတွက် အရည်အချင်းရှိသောပညာတတ်များ ပေါ်ထွန်းလာရေး စဉ်ဆက်မပြတ် အားပေးမြှင့်တင် လျက်ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကိုသင်ယူပြီး နိုင်ငံတော်အကျိုးကိုသယ်ပိုးနိုင်သည့် အနာဂတ်နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာစေရေး ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယ ဝန်ကြီးများက အခြေခံပညာကျောင်းများတွင် ပညာ သင်ကြားနေကြသည့် ဝန်ထမ်းများ၏သားသမီး များအတွက် ကျောင်းသုံးစာရေးကိရိယာများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင် ခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ရာ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကိုယ်စား ဆုရရှိသည့် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြား သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် ယနေ့အခမ်းအနားတွင် အခြေခံပညာ အဆင့် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ ၁၅၇၂၅ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဗလာစာအုပ်များထောက်ပံ့ခဲ့ပြီး ဘာသာစုံဂုဏ်ထူး ရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ငါးဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၄၃ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၄ ဦး၊ တစ်ဘာသာဂုဏ်ထူး ရှင် ၆၄ ဦးအပါအဝင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သူ ၁၆၁ ဦးအား ဂုဏ်ပြုလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့် ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများအား ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ် လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

**ပညာသင်ကြားလျက်ရှိ**

ထိုသို့ ကျောင်းနေအရွယ် ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ် အတွင်း အခြေခံပညာကျောင်း ၂၆ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ၁၆ ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ် အတွင်း အခြေခံပညာကျောင်း ပေါင်း ၄၂ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၁၁၄၁ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၅၅၁ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ထို့အပြင် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၆၇ ဦးကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ သွေးအမျိုးအစားစစ်ဆေးပေးခြင်း ၁၆ ဦးနှင့် ငှက်ဖျားပိုးစစ်ဆေးပေးခြင်း ၁၇ ဦးတို့အား စစ်ဆေးပေးခဲ့ပြီး ပြည်သူ့ဆေးရုံကြီးရှိ OPD လူနာများအား ဆေးစိမ်ခြင်ထောင် အလုံး ၁၀၀ ထောက်ပံ့ပေးသည်။ ထို့ပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၄ ဦး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။



## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ဝေါ ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အခြေခံပညာကျောင်းများတွင် ဩဂုတ် ၇ ရက်မှစတင်၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေး ခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကွန်ပျူတာတက္ကသိုလ်(မုံရွာ)၌ လူကုန်ကူးမှုနှင့် ယာဉ်အန္တရာယ်အသိပညာပေးဟောပြော

**မုံရွာ ဩဂုတ် ၉**

ကွန်ပျူတာတက္ကသိုလ်(မုံရွာ) လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာ ပေးဟောပြောပွဲကို ဩဂုတ် ၈ ရက် မွန်းလွဲပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကွန်ပျူတာတက္ကသိုလ်(မုံရွာ) ပါမောက္ခချုပ် ဒေါက်တာစိုးစိုးခိုင်က အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၄) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲအုပ်မြတ်သူက လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးဆိုင်ရာများ၊ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁၁၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူးကောင်းမြတ်သူက ယာဉ်အန္တရာယ် ကင်းရှင်းရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ရာ တက်ရောက်လာကြသူများ၏ သိလိုသည့်မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

❂ **မင်းဘူးမှ**

ကွင်းဆင်းဆောင်ရွက်ပေးတဲ့အပြင် စိုက်ပျိုးပြီးတဲ့ပြောင်းစိုက်ခင်းများတွင် ပိုးမွှားရောဂါကင်းရှင်းစေဖို့ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်”ဟု မင်းဘူးမြို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း မျိုးကောင်း မျိုးသန့်များ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာဆွေးနွေးပွဲများနှင့် သင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ငမြောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းရေး နည်းပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ(အင်ရောင်း) ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာနရှိ အဆောက်အအုံနှင့် စက်ပစ္စည်းကိရိယာများ ပျက်စီးခဲ့၍ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သွေးကြောသွင်းဆေးရည်များ ပြန်လည်ထုတ်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**စီမံဆောင်ရွက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအစည်းအဝေးခန်းမ၌ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူး၊ ဌာနတာဝန်ခံများနှင့်တွေ့ဆုံ၍ ဆေးဝါးထုတ်လုပ်သည့်အဆောက်အအုံဖြစ်သည့်အတွက် ကောင်းမွန်သည့် ထုတ်လုပ်မှုကျင့်စဉ်များနှင့် ကိုက်ညီမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငလျင်ဇုန်အတွင်းရှိ စက်ရုံများ၌ စက်ပစ္စည်းကိရိယာများ တပ်ဆင်မည်ဆိုပါက FEMA Guidelines နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ ဆေးဝါးစက်ရုံများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်လျှင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို သတ်မှတ်ရေးဆွဲထားရမည်ဖြစ်ကြောင်း၊ ဆေးဝါးအမည်သစ်များ၊ အခြေခံဆေးဝါးများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စီမံချက်များရေးဆွဲ၍ စနစ်တကျဆောင်ရွက်ရမည့်အပြင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း စသည့် နည်းလမ်းများဖြင့်ပါ ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ် ဆောင်ရွက်**

ထုတ်ကုန်ပစ္စည်းများ အရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စက်ပစ္စည်းများ သက်တမ်းပြည့်နှင့် စွမ်းအားပြည့်အသုံးပြုနိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အမြဲမပြတ် ပြန်လည်သုံးသပ်ပြီး အားနည်းချက်များကို လျော့နည်းအောင် ပြုပြင်ဆောင်ရွက်ရန်နှင့် အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်ရမည့် လျာထားချက်ကို ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ယာမြေဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများ ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၉**

(၇၈)ကြိမ်မြောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC ခန်းမ၌ လယ်ယာမြေဥပဒေဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့် ကျင်းပသည်။



**ပြောကြား**

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ယနေ့ဆွေးနွေးပွဲသည် တောင်သူများ လက်တွေ့အသုံးချနိုင်သော အချက်များကို ရရှိစေရန်နှင့် ဥပဒေနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ပြီး အကာအကွယ်ရှိစေရန် အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေများနှင့် အသိပညာဗဟုသုတများကို ပြန်လည်မျှဝေကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများက လယ်ယာမြေဥပဒေဆိုင်ရာ သိကောင်းစရာများ ခေါင်းစဉ်ဖြင့် အခြေခံမြေမျိုးသတ်မှတ်ချက်များ၊ လယ်ယာမြေအမျိုးအစားများ၊ လယ်ယာမြေဥပဒေဆိုင်ရာ ရည်ရွယ်ချက်များ၊ လယ်ယာမြေဥပဒေပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထားနိုင်သူများ၊ လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်(ပုံစံ-၇) ထုတ်ပေးခြင်း လုပ်ငန်းစဉ်၊ လယ်ယာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ တားမြစ်ချက်များ၊ လိုက်နာရန်ပျက်ကွက်ပါက အရေးယူဆောင်ရွက်ခြင်းများကို ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားကြသည်။

ဆွေးနွေးပွဲသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်နှင့် သုတေသီများ၊ နေပြည်တော် ကောင်စီနယ်မြေမှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပညာရှင်နှင့် တောင်သူများက အွန်လိုင်းမှ ပါဝင် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ လယ်ယာကဏ္ဍဖွံ့ဖြိုးရေး ကွင်းဆင်းဆွေးနွေး

**တပ်ကုန်း ဩဂုတ် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက်ပိုင်းက ကျားသေအိုင်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ(KC)ခန်းမ၌ ကျင်းပသည်။



တွေ့ဆုံပွဲတွင် စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဝင်းက တောင်သူများအနေဖြင့် သီးနှံများ ရာသီပြည့်စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ ရိတ်သိမ်းချိန် လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ရိတ်သိမ်းခြွေလှေ့စက်၊ လယ်ထွန်စက်၊ ကောက်စိုက်စက်၊ မြေညှိစက်နှင့်လယ်ယာသုံး စက်ကိရိယာပစ္စည်းများ လိုအပ်ပါက ကာလပေါက်ဈေးအတိုင်း ကူညီ ဆောင်ရွက်ပေးကြောင်း၊ လယ်ယာသုံး စက်ကိရိယာအတွက် စက်မောင်း၊ စက်ပြင် သင်တန်းများ လိုအပ်ပါက သင်တန်းများ ဖွင့်လှစ်သင်ကြားပေးကြောင်း၊ စနစ်တကျ ပေါင်းစည်း လယ်ယာများ ဖော်ဆောင်လိုပါကလည်း ငွေကြေးကုန်ကျမှု၏ ထက်ဝက်အကုန်ကျခံနိုင်လျှင် စက်မှုလယ်ယာဦးစီးဌာနက ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြောင်း ဆွေးနွေးပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ကင်းမွန်းတန်းကျေးရွာ၊ ဂါတ်ချိုင်းကျေးရွာတို့တွင် ဆက်လက်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# မိုင်းဖြတ်မြို့နယ်၌ ပညာရေးဝန်ထမ်း ငွေစုငွေချေး သမဝါယမအသင်းလီမိတက် အစည်းအဝေး ကျင်းပ

**မိုင်းဖြတ် ဩဂုတ် ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ပညာရေးဝန်ထမ်း(GEC) ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဩဂုတ် ၉ ရက် နံနက် ၁၀ နာရီက အထက(မိုင်းဖြတ်) ရွှေလီဆောင်ခန်းမ၌ ကျင်းပသည်။



ဦးစွာ သဘာပတိကြီး ဦးဇော်ဝင်းနိုင်က ပညာရေးဝန်ထမ်း(GEC)ငွေစုငွေချေး သမဝါယမအသင်း၏ လုပ်ငန်းဆောင်ရွက်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးက လမ်းညွှန်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းနွယ်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဘဏ္ဍာရေးရှင်းတမ်းနှင့်အမြတ်ငွေစာရင်း၊ အမှုဆောင်ဒါရိုက်တာ အစီရင်ခံစာတို့ကို ဖတ်ကြားခဲ့ပြီး သဘာပတိက အတည်ပြုသည်။

ထို့နောက် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသည့် အသင်းသားများ၏ သားသမီးနှစ်ဦးကို ဂုဏ်ပြုဆုများနှင့် အသင်းသား အသင်းသူ ၂၀၅ ဦးအား စားဆီတစ်ပိသာစီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ လူငယ်များဘ၀မြှင့်ကြစို့ ...

ဗိုလ်ကြည်(လူငယ်)

**လက်ရှိမျက်မှောက်ခေတ်ကမ္ဘာကြီး၏ ကောင်းခြင်း၊ ဆိုးခြင်းများဆိုင်ရာဖြစ်ကြသည့် နိုင်ငံအချင်းချင်း သဘောထားမတိုက်ဆိုင်အငြင်းပွားမှုများအား လက်နက်ကိုင်ဖြေရှင်း၍ နိုင်ငံအချင်းချင်းစစ်မက်ဖြစ်ပွားကာ ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိပြည်သူများ၊ အသက်အိုးအိမ်များနှင့် ဥစ္စာပစ္စည်းများဆုံးရှုံးပြီး အတိဒုက္ခရောက်ရှိကြရသည်။**

နိုင်ငံအချင်းချင်း မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် အတ္တကြီးကာ ကုန်သွယ်မှုပြိုင်ဆိုင်မှုကြောင့် နိုင်ငံတစ်ဝန်း လောင်စာဆီပြဿနာ၊ ကုန်ဈေးနှုန်းအဆမတန်ကြီးမြင့်လာမှု၊ လူနေမှုစရိတ်များ တဖြည်းဖြည်းမြင့်တက်လာမှု စသည့်ဆိုးကျိုးများ၊ လက်ရှိ မျက်မှောက်ကာလတွင် တိုးတက်လာသော IT နည်းပညာများ (AI) ကဲ့သို့ ဉာဏ်ရည်တုဖြင့် လူမှုရေး၊ ပညာရေးနှင့် စီးပွားရေးတွင် ကဏ္ဍများပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမှုများ၊ နည်းပညာဆိုင်ရာ မြင့်မားတိုးတက်လာမှုကြောင့် လမ်းပန်းဆက်သွယ်ရေး၊ ခရီးသွားလာမှု၊ လူသားအချင်းချင်းဆက်သွယ်ကောင်းမွန်လာမှုသည် မျက်မှောက်ခေတ်ကာလတွင် ကောင်းခြင်း၊ ဆိုးခြင်း အရာရာအားလုံးမှာ လက်ရှိကာလ တာဝန်ယူဆောင်ရွက်နေကြသော နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံသူ နိုင်ငံသားများ လက်ရှိတာဝန်ယူ ဆောင်ရွက်နေသော နိုင်ငံအလိုက်ပြည်သူများ၏ ကောင်းကျိုး၊ ဆိုးကျိုး ဖန်တီးမှုများသာ ဖြစ်ပါသည်။

သို့သော် အနာဂတ်ကာလ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်နိုင်ရေး၊ ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လူသားအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေးသည် ကိုယ်ချင်းစာစိတ်၊ မျှတသည့်စိတ်၊ ဖေးမကူညီလက်တွဲခေါ်ပြီး အတူတကွသာယာလှပသော လူ့ဘောင်တစ်ခုကို တည်ဆောက်နိုင်ရန်မှာ ယနေ့မျက်မှောက်ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းမှ လူငယ်များ၏ တာဝန်သာလျှင် ဖြစ်ပါသည်။

လူငယ်ဆိုသည်မှာ လူသားမျိုးနွယ်စုတစ်ခု၊ နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်၊ နိုင်ငံ၏ အနာဂတ်ကို ဖန်တီးနိုင်ကြမည့်သူများပင် ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်နေခြင်းသည်လည်း နိုင်ငံအတွင်းရှိ လူငယ်များ၊ နိုင်ငံသူနိုင်ငံသားများ၏ စည်းကမ်းကောင်းမွန်မှု၊ နိုင်ငံချစ်စိတ်ရှိမှု၊ အတတ်ပညာ၊ အသိပညာပြည့်ဝမှု၊ စိတ်ဓာတ်ကောင်းမွန်မှု၊ အဂတိလိုက်စားမှုကင်းလွတ်မှုရှိခြင်းနှင့် စည်းကမ်းကောင်းမွန်မှု စသည်တို့ကြောင့်ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့လူမျိုး၊ မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့နိုင်ငံအတွင်းရှိ လူငယ်များကို အဓိကဦးစားပေးပြုစုပျိုးထောင်လာကြသည်ကို တွေ့ရမည်ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ တောတောင်ရေမြေသဘာဝ၊ နိုင်ငံ၏ သမိုင်းကြောင်းနောက်ခံများ မတူညီခြင်းကြောင့် လူငယ်များကို ပြုစုပျိုးထောင်ရာ ပုံသဏ္ဍာန်တူညီချင်မှ တူနိုင်မည်ဖြစ်ပါသည်။ သို့သော် လူငယ်များကို ပြုစုပျိုးထောင်ရမည်ဆိုသော ရည်ရွယ်ချက်မှာ နိုင်ငံတိုင်း တူညီကြပါသည်။

**လူငယ်များကို အဓိကထား၍ နိုင်ငံကိုတည်ဆောက်**

ယနေ့အာရှတိုက်ရှိ ချမ်းသာကြွယ်ဝသော နိုင်ငံများဖြစ်ကြသည့် ကိုရီးယား၊ စင်ကာပူနှင့် ဂျပန် စသည့်နိုင်ငံများသည် လူငယ်များကို အဓိကထား၍ နိုင်ငံကိုတည်ဆောက်ခဲ့ကြခြင်း ဖြစ်ပါသည်။ အဆိုပါနိုင်ငံများသည် တိုင်းပြည်၏ အနိမ့်ကျဆုံးအခြေအနေမှ မှန်ကန်သောခေါင်းဆောင်မှုနှင့် မူဝါဒခိုင်မာမှု၊ လူငယ်များအား အဓိကထားပြုစုပျိုးထောင်မှု၏ရလဒ်ကြောင့် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။

ဂျပန်နိုင်ငံဆိုလျှင် ဒုတိယကမ္ဘာစစ်အတွင်း

**❀ လူငယ်များကို စနစ်တကျပြုစုပျိုးထောင် လေ့ကျင့်ဆောင်ရွက်ပေးခဲ့သည့် တောင်ကိုရီးယားနိုင်ငံသည် ၁၉၅၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့ပြီး ယခုအခါ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိ**

**❀ လီကွမ်ယုက အရည်အချင်းပြည့်ဝသော လူငယ်များအား နိုင်ငံတော်၏ အနာဂတ်အဖြစ် ရင်းနှီးမြှုပ်နှံခြင်းကို အဓိကမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်ခြင်းကြောင့် နှစ် ၂၀ ကျော်ကာလအတွင်း တဖြည်းဖြည်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာပြီး ယနေ့ကမ္ဘာတွင် သန့်ရှင်းသောမြို့တော်၊ ခရီးသွားလည်ပတ်မှုကောင်းသော မြို့တော်၊ စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းသောနိုင်ငံအဖြစ်သို့ ရပ်တည်နိုင်ခဲ့**

၁၉၄၅ ခုနှစ် ဩဂုတ်လတွင် အမေရိကန်၏ အဏုမြူဗုံးနှစ်လုံးကြဲချခံရပြီး စစ်ရှုံးကာ တိုင်းပြည်မှာ ပြာပုံဘဝသို့ရောက်ရှိခဲ့သည်။ စစ်ရှုံး၍ စစ်ဘေးစစ်ဒဏ်သင့်ကာ စစ်လျော်ကြေးများဖြင့် တိုင်းပြည်မှာ နာလန်မထူဘဲ ဆင်းရဲတွင်းနက်ခဲ့ရသည်။ သို့သော် ဂျပန်လူမျိုးတို့သည် ထိုအချိန်မှစ၍ တိုင်းပြည်ကို ပြန်လည်ထူထောင်ရာတွင် ရေရှည်စီမံကိန်းချမှတ်ကာ အနာဂတ်တွင် လူငယ်များအား မူဝါဒ(၅)ချက်ဖြင့် ပြုစုပျိုးထောင်ခဲ့ပါသည်။

ထိုမူဝါဒ (၅)ချက်မှာ –

(၁) ပညာရေးစနစ်ကို အခြေခံများ ပြုပြင်ပြောင်းလဲခြင်း၊ အခမဲ့အလယ်တန်းအထိ မသင်မနေရ ပညာရေးဥပဒေများပြဋ္ဌာန်းခြင်း၊ သိပ္ပံနှင့် နည်းပညာ၊ အင်ဂျင်နီယာဘာသာရပ်များကို အလေးထားသင်ကြားစေခြင်း၊

(၂) စည်းကမ်းနှင့် လူမှုတာဝန်အသိစိတ်ကို မွေးမြူစေခြင်း၊ ဂျပန်ပညာသင်ကျောင်းများတွင် စာသင်ခန်းပြင်ပ ပညာရေးကို အလေးထားခဲ့ပြီး ကျောင်းသား ကျောင်းသူများအား အုပ်စုလိုက်လှုပ်ရှားမှု (အားကစား၊ ဂီတ၊ သိပ္ပံပရောဂျက်)စသည်တို့ကို ပူးပေါင်းဆောင်ရွက်မှု အလေ့အထအားမြှင့်တင်ပေးခြင်း၊ လူမှုရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်မှု အလေ့အထများအားလေ့ကျင့်ပေးခြင်း (ဥပမာ– ကျောင်းတွင်းသန့်ရှင်းရေးကို ကျောင်းသားများ စုပေါင်းလုပ်ဆောင်စေခြင်း၊ ရပ်ရွာအကျိုးပြုလုပ်ငန်းများတွင် ပါဝင်စေခြင်း)၊

(၃) စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် လူငယ်များပါဝင်စေခြင်း၊ ၁၉၅၀ – ၁၉၆၀ ပြည့်နှစ်များတွင် ဂျပန်စက်မှုလက်မှုလုပ်ငန်းများ (ဥပမာ– ကားထုတ်လုပ်ရေး အီလက်ထရွန်နစ်ကို အရှိန်အဟုန်မြှင့်လုပ်ကိုင်ရာတွင် လူငယ်များအား နည်းပညာနှင့် စီးပွားရေးဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးခြင်း၊ ကုမ္ပဏီနှင့် တက္ကသိုလ်များချိတ်ဆက်၍ လူငယ်များ လက်တွေ့ကျကျ လုပ်ငန်းအတွေ့အကြုံရရှိစေရန်၊ Leadership နှင့် Apprenticeship အစီအစဉ်များ ဖန်တီးပေးခြင်း)၊

(၄) နိုင်ငံသားစိတ်၊ မျိုးချစ်စိတ်ကိုမွေးမြူပေးခြင်း၊ ဂျပန်အစိုးရသည် “တစ်နိုင်ငံလုံး လူမျိုးတစ်မျိုးတည်းဟူသော” စည်းလုံးညီညွတ်ရေးဝါဒကိုအားပေးခဲ့ပြီး လူငယ်များအား နိုင်ငံအတွက် စွမ်းဆောင်ရည်ပြည့်ဝသော နိုင်ငံသားများအဖြစ် ပျိုးထောင်ခဲ့ပါသည်၊

(၅) ကျန်းမာရေးနှင့် လူမှုဖူလုံရေးအတွက် ဂျပန်အစိုးရသည် ကျန်းမာရေးနှင့် အာဟာရကို မြှင့်တင်ရန် အခြေခံပညာကျောင်းများတွင် အစီအမံအဖြစ် နို့နှင့် ဖြည့်စွက်အာဟာရများကို ကျွေးမွေးခြင်းဆောင်ရွက်ခဲ့ပါသည်။

ဖော်ပြပါနည်းလမ်းများဖြင့် လူငယ်များအား ဂရုတစိုက်ပြုစုပျိုးထောင်ခဲ့သော ဂျပန်နိုင်ငံသည် ၁၉၈၀ ပြည့်လွန်နှစ်ကာလများတွင် စက်မှုဖွံ့ဖြိုးတိုးတက်ပြီး ကြွယ်ဝချမ်းသာသောနိုင်ငံအဖြစ်သို့ ပြောင်းလဲလာကာ ယခုအခါ အာရှသာမက ကမ္ဘာမှာပင် ချမ်းသာကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။ လူငယ်များကို စနစ်တကျပြုစုပျိုးထောင်ခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်ပါသည်။

**သူတို့ဘဝနှင့်နှိုင်းယှဉ်ပြုစုခဲ့ကြ**

တောင်ကိုရီးယားနိုင်ငံကို ကြည့်မည်ဆိုလျှင် ၁၉၄၅ ခုနှစ်တွင် ဂျပန်လက်အောက်မှ လွတ်လပ်ရေးရရှိခဲ့ပြီး သူ့ကျွန်ဘဝတွင် အနိမ့်ခံဘဝနှင့် ဆင်းဆင်းရဲရဲနေခဲ့ကြရပါသည်။ ထမင်းအစားပြောင်းဆန်ကိုသာ စားခဲ့ကြရပါသည်။ လွတ်လပ်ရေးရပြီး ၁၉၅၀–၁၉၅၃ ခုနှစ်တွင် တောင် – မြောက်စစ်ဖြစ်ခဲ့ရာ ပြည်တွင်းစစ်ကြောင့် စစ်ဘေး၊ စစ်ဒဏ်သင့်ကာ စားရေရိက္ခာရှားပါး၍ ထမင်းငတ်သည့်ဘဝသို့ ရောက်ခဲ့ကြပါသည်။ နိုင်ငံတကာမှ ဆန်စပါးများထောက်ပံ့ခဲ့ကြရာတွင် မြန်မာနိုင်ငံသည်လည်း ဆန်တန်ချိန် သိန်းနှင့်ချီပြီး ကူညီထောက်ပံ့ပေးခဲ့ပါသည်။

ထိုအချိန်တွင် တောင်ကိုရီးယားခေါင်းဆောင်နှင့် တောင်ကိုရီးယားလူကြီးများက စကားတစ်ခွန်းကို ပြောကြားခဲ့သည်မှာ **“ငါတို့လူမျိုးတွေ ငါတို့လက်ထက်မှာပဲ ထမင်းငတ်ရမယ်။ ငါတို့ရဲ့မျိုးဆက်၊ ငါတို့ရဲ့ကလေးတွေ၊ ငါတို့လူငယ်တွေလက်ထက်မှာတော့ ဘယ်တော့မှ ထမင်းမငတ်စေရဘူး၊ ငါတို့ကလေးတွေ၊ လူငယ်တွေကို ကြိုးစားပြီး ပြုစုပျိုးထောင်မည်”**ဟု သန္နိဋ္ဌာန်ချပြီး လူငယ်များကို သူတို့ဘဝ၏ နာကြည်းမှု၊ ခံပြင်းမှု၊ မခံချင်စိတ်များနှင့် နှိုင်းယှဉ်ပြီး ပြုစုခဲ့ကြပါသည်။

ပညာရေးကို အမျိုးသားရေးအဆင့် သတ်မှတ်ပြီး အခြေခံပညာများကို အခမဲ့သင်ယူစေခဲ့သည်။ အဆင့်မြင့်သင်ယူမှုစနစ်များကိုကျင့်သုံး၍ သိပ္ပံ၊ အင်ဂျင်နီယာနှင့် နည်းပညာဘာသာရပ်များကို အထူးအလေးထား သင်ကြားစေပါသည်။ ကမ္ဘာ့အဆင့်မီတက္ကသိုလ် Seoul Nation University၊ Korea Advanced Institute of Science of Technology (KAIST) တို့နှင့် Post တို့သည် နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကို ကမ္ဘာ့အဆင့်မီအောင် လူငယ်များကို ပြုစုပျိုးထောင်သင်ကြားခဲ့သည့် နည်းပညာနှင့် စီးပွားရေးကို မြှင့်တင်နိုင်ရန် နိုင်ငံတွင်းရှိ Samsung၊ LG၊ Hyundai ကုမ္ပဏီကြီးများကို ရင်းနှီးမြှုပ်နှံရန် ကူညီတောင်းခံခဲ့ကြောင်း သိရသည်။

လူငယ်များနှင့်ပတ်သက်သော Digital၊ Internet၊ Business (ဥပမာ – E–Sport၊ K–pop) စသည့် ဖန်တီးမှုများကို အားပေးခဲ့သည်။ ယဉ်ကျေးမှုနှင့် အနုပညာလုပ်ငန်းကို နိုင်ငံတကာအထိ ပေါက်ရောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အားကစားနှင့် ကျန်းမာရေးကဏ္ဍကို အခြေခံပညာကျောင်းမှစတင်၍ လေ့ကျင့်ပြုစုပျိုးထောင်ဆောင်ရွက်ပေးခဲ့သည်။ လူငယ်များကို စနစ်တကျပြုစုပျိုးထောင် လေ့ကျင့်ဆောင်ရွက်ပေးခဲ့သည့် တောင်ကိုရီးယားနိုင်ငံသည် ၁၉၅၀ ပြည့်နှစ်တွင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်ခဲ့ပြီး ယခုအခါ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**လူငယ်များကို အထူးအလေးထားပြုစုပျိုးထောင်**

စင်ကာပူနိုင်ငံသည် ၁၉၆၅ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် မလေးရှားနိုင်ငံမှ ခွဲထွက်ပြီး လွတ်လပ်ရေးရရှိခဲ့ပါသည်။ ယင်းနိုင်ငံသည် သဘာဝသယံဇာတနည်းပါးပြီး သဘာဝအရင်းအမြစ်နည်းပါးသော ကျွန်းနိုင်ငံငယ်တစ်ခုသာ ဖြစ်ပါသည်။

ထိုအချိန်က စင်ကာပူနိုင်ငံခေါင်းဆောင် လီကွမ်ယုက တိုင်းပြည်ကို ပြန်လည်ထူထောင်ရာတွင် လူငယ်များကို အဓိကထားပြီး ပညာရေး၊ စည်းကမ်း၊ နိုင်ငံ့အကျိုးစီးပွား၊ အကျင့်စာရိတ္တနှင့် အဂတိကင်းရှင်းရေး အထူးအလေးထားပြုစုပျိုးထောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။

ပညာရေးနှင့်ပတ်သက်ပြီး နည်းပညာ၊ သိပ္ပံနှင့် စီးပွားရေးဆိုင်ရာပညာရေးကို အထူးအလေးထားသင်ကြားစေခဲ့ပါသည်။ အစိုးရ၏ရင်းနှီးမြှုပ်နှံမှုဖြင့် အဆင့်မြင့်သင်ရိုးညွှန်းတမ်းများ၊ စမ်းသပ်မှုစနစ်များကိုအားပေးခဲ့ပြီး ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များနှင့်ချိတ်ဆက်ကာ လူငယ်များ၏ အရည်အချင်းကို မြှင့်တင်ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံသားစိတ်မွေးမြူခြင်းနှင့် ပတ်သက်၍ လီကွမ်ယုအစိုးရလက်ထက်တွင် တစ်နိုင်ငံလုံး လူမျိုးတစ်မျိုးတည်း “One Nation၊ One People” ဟူသော စည်းလုံးညီညွတ်ရေးဝါဒကို အားပေးခဲ့ပါသည်။ လူမျိုးပေါင်းစုံ၊ ဘာသာစကားယဉ်ကျေးမှုအရလေးစားမှုဖြင့် ပညာပေးကာ နိုင်ငံတော်အတွက် စွမ်းဆောင်ရည်ပြည့်ဝသော လူငယ်များအဖြစ် ပြုစုပျိုးထောင်ခဲ့ပါသည်။

စည်းကမ်းနှင့် တာဝန်ယူမှုကို အလေးထားတတ်စေရန် လီကွမ်ယုလက်ထက်မှစ၍ စင်ကာပူနိုင်ငံသည် နိုင်ငံအတွင်း လူနေမှုစည်းကမ်းကို တင်းတင်းကျပ်ကျပ် မူဝါဒဥပဒေချမှတ်ခြင်း၊ အဂတိလိုက်စားမှုကို အထူးအလေးထား အရေးယူဆောင်ရွက်ခြင်း၊ ကျောင်းသားလူငယ်ဘဝမှ စတင်ပြုစုပျိုးထောင်ခြင်း၊ အခြေခံပညာကျောင်းများတွင် စာသင်ခန်းပြင်ပလှုပ်ရှားမှုများ (Curriculum Activities)ကို မဖြစ်မနေပါဝင်စေကာ ခေါင်းဆောင်မှုစွမ်းရည်များကို ဖွံ့ဖြိုးစေခဲ့ပါသည်။

စာမျက်နှာ ၇ သို့ ■

# ရမည်းသင်းမြို့၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲ ဆုနှင်းသဘင်ကျင်းပ

ရမည်းသင်း ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရန်အောင်မြင် သာသနာ့ဗိမာန်၌ ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ သံဃာတော်များ ကြီးမှူးကျင်းပသည့် နဝမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲအောင်လက်မှတ်နှင့် စာအောင်ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၈ ရက်တွင် ကျင်းပသည်။

အခမ်းအနားကို ရမည်းသင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုတီးကုန်းဆရာတော် ဦးကုမာရက ဩဝါဒကထာမိန့်ကြား၍ ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်တို့တွင် ဆုရသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်ကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားသို့ မြို့နယ်ဩဝါဒါစရိယဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့၊ ယဉ်ကျေးလိမ္မာစာမေးပွဲဖြစ်မြောက်ရေးအဖွဲ့၊ ရပ် / ကျေး အုပ်စုများမှဆရာတော်များ၊ ရမည်းသင်းခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများတက်ရောက်ကြကြောင်း သိရသည်။

လှိုင်သန်းတင့်(ရမည်းသင်း)



■ စာမျက်နှာ ၆ မှ

စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်သည့်အနေဖြင့် အစိုးရသည် လူငယ်များအား နည်းပညာ၊ အင်ဂျင်နီယာနှင့် စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုများရရှိစေရန် ပြည်ပသို့ ပညာတော်သင်များစေလွှတ်ခြင်း၊ ဒေသဆိုင်ရာအလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ကို အလေးထားဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေး၊ ပတ်ဝန်းကျင်နှင့် လူမှုဖူလုံရေးအတွက် စင်ကာပူနိုင်ငံ၌ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ၊ သန့်ရှင်းသောရေနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစနစ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ စင်ကာပူနိုင်ငံခေါင်းဆောင် လီကွမ်ယုက အရည်အချင်းပြည့်ဝသော လူငယ်များအား နိုင်ငံတော်၏ အနာဂတ်အဖြစ် ရင်းနှီးမြှုပ်နှံခြင်းကို အဓိကမူဝါဒအဖြစ် ချမှတ်ဆောင်ရွက်ခြင်းကြောင့် နှစ် ၂၀ ကျော်ကာလအတွင်း တဖြည်းဖြည်းနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာပြီး ယနေ့ကမ္ဘာတွင် သန့်ရှင်းသော မြို့တော်၊ ခရီးသွားလည်ပတ်မှုကောင်းသော မြို့တော်၊ စီးပွားရေးဖွံ့ဖြိုးမှု အားကောင်းသောနိုင်ငံအဖြစ်သို့ ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။

အဆိုပါနိုင်ငံများ၏ ပြုမူဆောင်ရွက်ချက်မူဝါဒများမှာ အတုယူဖွယ်ကောင်းသော အချက်များပင်ဖြစ်ပြီး **လူငယ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်အတွက် ရေရှည်ရင်းနှီးမြှုပ်နှံရမည့် အကြောင်းအရာတစ်ခုဆိုသည်ကို ပေါ်လွင်စေခဲ့ပါသည်။ လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြသူများဖြစ်ပြီး အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှသော လူငယ်များကို မွေးထုတ်ပေးနေခြင်းသည် တိုင်းပြည်၏ အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်ပေသည်။ အရည်အသွေးပြည့်ဝသော လူငယ်အဖွဲ့အစည်းများကို ပိုင်ဆိုင်သည့်နိုင်ငံများသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်မလွဲဖြစ်ပါသည်။**

၂၀၂၅ ခုနှစ်စာရင်းအရ နိုင်ငံတကာတွင် အသက် ၁၅ - ၂၄ နှစ်အတွင်းအား လူငယ်ဟု သတ်မှတ်ပြီး ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်း ရှိပါသည်။ မြန်မာနိုင်ငံတွင် လူငယ်သတ်မှတ်ချက်ကို အသက် ၁၅ - ၃၅ နှစ်အဖြစ်သတ်မှတ်ထားပြီး ၂၀၁၄ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၃၅ ရာခိုင်နှုန်းခန့်သည် လူငယ်များဖြစ်သည်ဟု သိရှိရပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ အသုံးချနိုင်ပါက ထူးခြားသည့်အင်အားစုတစ်ရပ် ဖြစ်လာမည်မှာ ဧကန်မလွဲဖြစ်ပါသည်။

**ရင်ဆိုင်ဖြေရှင်းရမည့် စိန်ခေါ်မှုများ**

သို့သော် မြန်မာ့သမိုင်းကို ပြန်လည်ကြည့်ပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကတည်းက လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာသော လက်နက်ကိုင်အဖွဲ့များကြောင့် အစိုးရအစဉ်အဆက် လက်နက်ကိုင်ပဋိပက္ခများနှင့် ရင်ဆိုင်ဖြေရှင်းနေရပြီး လူငယ်များ၏ အနာဂတ်မှာ မှေးမှိန်ခဲ့ရပါသည်။ ယနေ့မျက်မှောက် မြန်မာနိုင်ငံရှိ လူငယ်များအတွက် ရင်ဆိုင်ဖြေရှင်းရမည့် စိန်ခေါ်မှုများမှာ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုပြဿနာ၊ အွန်လိုင်းမီဒီယာပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ နိုင်ငံရေးမူဝါဒမှိုင်းများ၏ပြဿနာများ ဖြစ်ပါသည်။

❀ **အွန်လိုင်းမီဒီယာပြဿနာမှာ ယနေ့ခေတ်မီတိုးတက်လာသည်နှင့်အမျှ လူငယ်လူရွယ်များ၊ အရွယ်မတိုင်မီကပင် လက်ကိုင်ဖုန်းပေးကိုင်ပြီး သာမန်ဂိမ်းကစားရာမှတစ်ဆင့် တဖြည်းဖြည်းချင်း အွန်လိုင်းဂိမ်းသို့ ကူးစက်ကာ စွဲစွဲလမ်းလမ်း အသုံးပြုလာခြင်းသည် လူငယ်များ၏ ပညာရေးနှင့် ကိုယ်ကျင့်တရား၊ အသိပညာ၊ အတတ်ပညာ ရှာဖွေလေ့လာရမည့်အချိန်စသည်တို့ ထိခိုက်နစ်နာဆုံးရှုံးမှုကို များစွာဖြစ်ပေါ်စေ**

❀ **မြန်မာနိုင်ငံအတွင်းရှိ လူငယ်များ၏ အဓိကစိန်ခေါ်မှုနောက်တစ်ခုမှာ မူးယစ်ဆေးဝါးပြဿနာပင်ဖြစ်။ KTV များ၊ Bar များ၊ Night Club များသည် မူးယစ်ဆေးဝါးသုံးစွဲပြီး ပျော်စံသောနေရာဖြစ်နေခြင်းကြောင့် အနာဂတ်တွင် အားကိုးအားထားပြုရမည့် လူငယ်များ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများစွာ ပျက်စီးဆုံးရှုံး စေသည့် အကြောင်းတရားများပင်ဖြစ်**

အွန်လိုင်းမီဒီယာပြဿနာမှာ ယနေ့ခေတ်မီတိုးတက်လာသည်နှင့်အမျှ လူငယ်လူရွယ်များ အရွယ်မတိုင်မီကပင် လက်ကိုင်ဖုန်းပေးကိုင်ပြီး သာမန်ဂိမ်းကစားရာမှတစ်ဆင့် တဖြည်းဖြည်းချင်း အွန်လိုင်းဂိမ်းသို့ ကူးစက်ကာ စွဲစွဲလမ်းလမ်း အသုံးပြုလာခြင်းသည် လူငယ်များ၏ ပညာရေးနှင့် ကိုယ်ကျင့်တရား၊ အသိပညာ၊ အတတ်ပညာ ရှာဖွေလေ့လာရမည့်အချိန်စသည်တို့ ထိခိုက်နစ်နာဆုံးရှုံးမှုကို များစွာဖြစ်ပေါ်စေပါသည်။

ထို့ပြင် လူငယ်များသည် လက်ကိုင်ဖုန်းကို အသုံးပြုပြီး Social Network ကို တွင်တွင်ကျယ်ကျယ်အသုံးပြုလာခြင်းကြောင့် အနောက်နိုင်ငံများ၏ ယဉ်ကျေးမှု၊ ဓလေ့စရိုက်များ အားကျပြီး ဘာသာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ ထိခိုက်မှုရှိစေခြင်း၊ ဆင်ဆာဖြတ်တောက်မှုမရှိဘဲ လိင်ကိစ္စဗီဒီယိုများ၊ လိင်ကိစ္စအကြောင်းအရာများကို ငယ်ရွယ်စဉ်ကပင် ကြည့်ရှုနေခြင်းသည် ကိုယ်ကျင့်တရားဆိုင်ရာ ပျက်စီးမှုများ၊ လူမှုရေးရာ နေထိုင်မှုပုံစံများကို များစွာထိခိုက်စေပါသည်။

မြန်မာနိုင်ငံအတွင်းရှိ လူငယ်များ၏ အဓိကစိန်ခေါ်မှုနောက်တစ်ခုမှာ မူးယစ်ဆေးဝါးပြဿနာပင်ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့များက နယ်စပ်ဒေသတစ်လျှောက် မူးယစ်ဆေးဝါးများ စိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများကို နိုင်ငံတကာနှင့် ချိတ်ဆက်မှောင်ခိုပြုလုပ်နေခြင်းတို့ကြောင့် နိုင်ငံအတွင်း မူးယစ်ဆေးဝါးများပျံ့နှံ့လျက်ရှိပြီး Happy Water၊ K နှင့် E တို့ စသည့် ဆေးဝါးမျိုးစုံတို့သည် လူငယ်များအကြား ရေပန်းစားလျက်ရှိနေပါသည်။ KTV များ၊ Bar များ၊ Night Club များသည် မူးယစ်ဆေးဝါးသုံးစွဲပြီး ပျော်စံသောနေရာဖြစ်နေခြင်းကြောင့် အနာဂတ်တွင် အားကိုးအားထားပြုရမည့် လူငယ်များ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများစွာ ပျက်စီးဆုံးရှုံးစေသည့် အကြောင်းတရားများပင် ဖြစ်နေပါသည်။

ထို့ပြင်လည်း မတည်ငြိမ်မှုများကြောင့် နိုင်ငံအနှံ့အပြားရှိ လူငယ်တော်တော်များ စစ်ဘေးရှောင်ရခြင်း၊ ဒေသတည်ငြိမ်အေးချမ်းမှု မရှိခြင်းတို့ကြောင့် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများ ဆုံးရှုံးရခြင်း၊ ပညာသင်ရန် အချိန်နောက်ကျခြင်းတို့ ဖြစ်ပါသည်။ ပညာသင်ရန် အခက်အခဲတော်တော်များများ ကြုံတွေ့နေရသည်မှာ လက်ရှိလူငယ်များ ရင်ဆိုင်ဖြေရှင်းနေရသော စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

၁-၈-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်က အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအဖြစ် သတ်မှတ်ဖွဲ့စည်းပြီး လူငယ်ရေးရာဦးစီးဌာနကို အသစ်ဖွင့်လှစ်ပေးခဲ့ပါသည်။ ယင်းမှာ နိုင်ငံအတွင်းရှိ လူငယ်များ အသိပညာ၊ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံစေကာ ယဉ်ကျေးလိမ္မာ၍ အမှားအမှန်ကို ဝေဖန်ပိုင်းခြားစဉ်းစားနိုင်သည့် ပညာပြည့်ဝနှလုံးလှသော လူငယ်များ ထွက်ပေါ်လာစေရန် ဖြစ်ပါသည်။

လူငယ်ရေးရာဦးစီးဌာနအနေဖြင့် နိုင်ငံအတွင်းရှိ လူငယ်များကို ပြုစုပျိုးထောင်ရာတွင် အားကစားကို လိုက်စားစေခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ ငယ်စဉ်ကတည်းက တိုးတက်ကောင်းမွန်လာအောင် ရည်ရွယ်ဆောင်ရွက်လျက်ရှိပြီး လူငယ်များကို အဓိကပြုစုပျိုးထောင်ရန်အတွက် လူငယ်ကဏ္ဍ ၁၆ ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ကဏ္ဍများမှာ-

(၁) ပညာရေးကဏ္ဍ
(၂) ကျန်းမာရေးကဏ္ဍ
(၃) မူးယစ်ဆေးဝါးနှင့်အခြားဘေးဖြစ်စေတတ်သည့် အန္တရာယ်များကဏ္ဍ
(၄) အားကစားနှင့် အပန်းဖြေခြင်းကဏ္ဍ
(၅) အလုပ်အကိုင် အခွင့်အလမ်းကဏ္ဍ
(၆) စီးပွားရေးကဏ္ဍ
(၇) နိုင်ငံရေးကဏ္ဍ
(၈) စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှုကဏ္ဍ
(၉) သုတေသနကဏ္ဍ
(၁၀) သိပ္ပံနှင့် နည်းပညာကဏ္ဍ
(၁၁) ပြည်သူ့နီတိနှင့် နိုင်ငံသားကောင်းဖြစ်မှုကဏ္ဍ
(၁၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ
(၁၃) ငြိမ်းချမ်းရေးနှင့်ဘဝလုံခြုံရေးကဏ္ဍ
(၁၄) ကျား၊ မ ညီမျှမှုကဏ္ဍ
(၁၅) လူ့အခွင့်အရေးကဏ္ဍ
(၁၆) နိုင်ငံတကာ ဆက်ဆံရေးကဏ္ဍ

တို့ဖြစ်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် အခြေခံအချက်များပါဝင်သော လူငယ်စင်တာများကို တည်ဆောက်ပေးလျက်ရှိပါသည်။ ယခုဆိုလျှင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် တည်ဆောက်ပြီးစီးပြီဖြစ်ပြီး ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ တည်ဆောက်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

ကုလသမဂ္ဂက နှစ်စဉ်ဩဂုတ်လ ၁၂ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အဖြစ် သတ်မှတ်ပြီး လူငယ်ကဏ္ဍကို အထူးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ ဆောင်ပုဒ်ဖြစ်သော "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ဆီသို့" (Local Youth Actions For The SDGs And Beyond) ဟူ၍ ဆောင်ပုဒ်ကိုထုတ်ပြန်ခဲ့ပါသည်။

မိမိတို့နိုင်ငံအနေဖြင့်လည်း မိမိတို့၏ မိသားစုရှိ သားသမီးများ၊ မိမိမြို့ရွာရှိ လူငယ်လူရွယ်များ၊ မိမိနိုင်ငံအတွင်းရှိ လူငယ်လူရွယ်များကို ငယ်စဉ်ကပင် ဂရုတစိုက်ပြုစုပျိုးထောင် ပညာသင်ကြားစေခြင်း၊ အသိဉာဏ်ပညာနှင့်ပြည့်စုံရန် သွန်သင်ဆုံးမခြင်း၊ ၎င်းတို့ဝါသနာပါရာ လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးပေးခြင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် အတတ်ပညာများ ဆည်းပူးလေ့လာသင်ယူစေခြင်း၊ တိုးတက်လာသော IT နည်းပညာများ၊ AI ကဲ့သို့ ပညာရပ်များ အကျိုးရှိစွာအသုံးချစေခြင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ ဘာသာတရားနှင့် ကိုက်ညီသော စာပေများလေ့လာစေခြင်း၊ စာဖတ်ခြင်းအပြုအမူကို ငယ်စဉ်ကပင် အလေ့အကျင့်ပြုလုပ်ပေးခြင်း စသည့်လုပ်ဆောင်မှုများသည် မိမိနှင့်မိသားစုအတွင်း၊ မိမိတို့မြို့ရွာ၊ မိမိတို့နိုင်ငံနှင့် မိမိတို့အနာဂတ်အတွက် ကောင်းမွန်စွာ ရင်းနှီးမြှုပ်နှံနေခြင်းပင်ဖြစ်ပါသည်။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်၍ အေးချမ်းသာယာဝပြောမှုရှိစေရန်အတွက် မိမိတို့၏ သားသမီးလူငယ်များအား ယခုမှစ၍ ဗလငါးတန်နှင့်ပြည့်စုံကာ ပညာပြည့်ဝနှလုံးလှသော လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။ ။

# မော်လမြိုင်မြို့၌ စာသင်ကျောင်းများ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



မော်လမြိုင် ဩဂုတ် ၉

မွန်ပြည်နယ်အတွင်း အခြေခံပညာစာသင်ကျောင်းများတွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်ပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၊ ချုံနွယ်များ၊ မြက်များနှင့် အမှိုက်များကို ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

**မှာကြား**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စာသင်ကျောင်းများ ကျောင်းအင်္ဂါရပ်နှင့် ကိုက်ညီမှုရှိစေရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ပေးကြရန်၊ ကျောင်းစိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာမှုရှိစေရေး ဆောင်ရွက်ရန်၊ ကျောင်းအကျိုးပြုလုပ်ငန်းများ၊ စာသင်ကျောင်းနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားပြီး ကျောင်းတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျောင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# လှိုင်ကော်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်

လှိုင်ကော် ဩဂုတ် ၉

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းက လှိုင်ကော်ပညာရေးဒီဂရီကောလိပ် ကျောင်းဝင်းအတွင်း ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် စားရိပ်သာနှင့် စားဖိုဆောင်သို့ ရောက်ရှိပြီး နေ့စဉ်ကျွေးမွေးရန် စီမံဆောင်ရွက်သည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က သန့်ရှင်းသော သောက်သုံးရေနှင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ် အာဟာရပြည့်ဝသည့် အစားအသောက်များ နေ့စဉ်ချက်ပြုတ် ကျွေးမွေးရန်နှင့် စားဖိုဆောင်နှင့် စားရိပ်သာသန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)သို့ ရောက်ရှိကာ ကျောင်းဝင်းအတွင်း နယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ကွန်ပျူတာတက္ကသိုလ်၌ အဆောင်နေကျောင်းသား ကျောင်းသူများ၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့မှ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားသည်။



ဆက်လက်၍ အားကစားနှင့်ကာယပညာသိပ္ပံ(လှိုင်ကော်)ရှိ နှစ်ထပ် သင်တန်းသူအိပ်ဆောင်နှင့် စာသင်ဆောင်၊ လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာနှင့် ကျောင်းဝင်းခြံစည်းရိုး ပြန်လည်ဆေးသုတ်မွမ်းမံဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက သင်တန်းသား သင်တန်းသူများနှင့် ဝန်ထမ်းများကို စနစ်တကျ နေရာချထားပေးရန် မှာကြားသည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေါဥခူရပ်ကွက်ရှိ ဒေါခူဥပရိယတ္တိစာသင်တိုက် အတွင်း ဆရာတော် သီတင်းသုံးဆောင်၊ သိမ်တော်၊ နှစ်ထပ်ဆွမ်းစားဆောင်၊ ဓမ္မာရုံနှင့် သုံးထပ်ကျောင်းဆောင်များ ပြင်ဆင်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုံပြာကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဆောင်များ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုနှင့် ကျေးရွာပြည်သူများက ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# မြောင်းမြမြို့၌ ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်

မြောင်းမြ ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ အပတ်စဉ် စုပေါင်းသန့်ရှင်းရေးကို ပြုလုပ်လျက်ရှိရာ ယနေ့နံနက် ၇ နာရီက အမှတ်(၉)ရပ်ကွက်ရှိ လမ်းဘေးဝဲ/ယာတစ်လျှောက်တွင် ဌာနဆိုင်ရာများ၊ ပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးကို မြောင်းမြ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုက ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူများစုပေါင်း၍ ရပ်ကွက်အတွင်းရှိ လမ်းဆုံများ၊ လမ်းဘေးသစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ပိုးမွှားခြင်ယင်များ မပေါက်ပွားစေရေးအတွက် ရေမြောင်းတူးဖော်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ပြီး စည်ပင်သာယာရေးအဖွဲ့များက အမှိုက်သိမ်းယာဉ်များဖြင့် အမှိုက်များသယ်ယူ၍ စနစ်တကျ စွန့်ပစ်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ်စနေနေ့တိုင်း မြို့/ရွာသန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ပဲခူး ဩဂုတ် ၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ အပတ်စဉ် စနေနေ့တိုင်း မြို့/ရွာ သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်၌ တစ်ပြိုင်တည်း ပြုလုပ်သည်။

**လမ်းညွှန်မှာကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးမြို့ ကမ္ဘောဇသာဒီနန်းတော်ဝင်းအတွင်း ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုကို လိုက်လံကြည့်ရှု အားပေးခဲ့ပြီး နန်းတော်ရာဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေထွက်ပေါက်များ ပြန်လည်စစ်ဆေးဖော်ထုတ်ဆောင်ရွက်ရန်၊ နန်းတော်အတွင်း ပတ်လမ်းတစ်လျှောက် ပန်းအလှပင်များနှင့် အရိပ်ရပင်များကို ပြန်လည်အဆင့်မြှင့်တင်သွားရန်၊ အရိပ်ရသစ်ပင်များအောက်တွင် အပန်းဖြေအနားယူနိုင်ရန် ထိုင်ခုံများတပ်ဆင်ထားရှိရန်၊ ဒေသထွက် MSMEs အစားအစာများ၊ လူသုံးကုန်ပစ္စည်းများနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များ စနစ်တကျနေရာထားချပေးရန်၊ အမှိုက်ကင်းစင်၍ သန့်ရှင်းသာယာလှပစေရေး စဉ်ဆက်မပြတ် ကြိုးကြပ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ အများနှင့်သက်ဆိုင်သည့် ကားလမ်း ဝဲ/ယာ၊ မီးရထားလမ်း ဝဲ/ယာ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်အတွင်း လမ်းဘေး ဝဲ/ယာ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များတွင် တိုင်းဒေသကြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်း ရပ်ကွက်ရှိ အများပြည်သူ စိတ်လက်အပန်းဖြေနိုင်စေရေးနှင့် ကျန်းမာရေးဆိုင်ရာလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရေး ပဲခူးမြစ်ကမ်းဘေးပန်းခြံကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အမှိုက်ကင်းစင်စေရေး၊ လျှောက်လမ်းများ လမ်းချော်မှုမရှိစေရေးနှင့် ကမ်းထိန်းနံရံများ စနစ်တကျတည်ဆောက်သွားရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် နောင်တော်ကြီး မြသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်၍ ဘုရားဖူးလာပြည်သူများ ကြည်ညို သဒ္ဓါတရားပွားများနိုင်စေရေး ရောင်တော်ဖွင့်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဟိုပုံးမြို့နယ်၌ ကွင်းဆင်းဆေးကုသမှု ကြည့်ရှုအားပေး

**ဟိုပုံး ဩဂုတ် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ စဝ်စံထွန်းဆေးရုံ၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ကွင်းဆင်း ဆေးကုသခြင်းကို ယနေ့နံနက်ပိုင်းက စံဖူးကျေးရွာ ဘုန်းတော်ကြီး ကျောင်း၌ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်၊ ပြည်နယ်ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ဝင်းနိုင်၊ ပြည်နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်မြင့်၊ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ရန်နိုင်မောင်၊ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ မောင်မောင်သိန်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းတို့သည် အထွေထွေရောဂါအထူးကု၊ သွားနှင့်ခံတွင်းအထူးကု၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက စံဖူးကျေးရွာအုပ်စု ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများကို ကြည့်ရှုအားပေးသည်။



ထိုသို့ ကွင်းဆင်းဆေးကုသမှု ပေးရာ ဒေသခံပြည်သူနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၈၈ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ ဆိုလာလျှပ်စစ်ဓာတ်အားရောင်းချဝယ်ယူရေး သဘောတူညီမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**တာချီလိတ် ဩဂုတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ မြို့မီးလင်းရေး ဦးဆောင်ကော်မတီ (လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း) နှင့် Bright Time Energy & Export / Import Co., Ltd. တို့အကြား တာချီလိတ်မြို့နယ်တွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရောင်းချဝယ်ယူရေး သဘောတူညီမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ မြို့မီးလင်းရေး ဦးဆောင်ကော်မတီ (လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့မီးလင်းရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်က နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြောကြားပြီး Bright Time Energy & Export/ Import Co.,Ltd. ပရော်ဂျက်မန်နေဂျာ ဦးအောင်မြတ်ကျော်က ဆိုလာဓာတ်အား ထုတ်လုပ်ရောင်းချမှုဆိုင်ရာ စီမံကိန်း အကောင်အထည်ဖော်မည့် အခြေအနေများကို လည်းကောင်း၊ ကော်မတီရုံး၏ တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်ဇော်က မြို့မီးလင်းရေး ဦးဆောင်ကော်မတီ (လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)မှ တာချီလိတ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးထားရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့မီးလင်းရေး ဦးဆောင်ကော်မတီ (လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)ဥက္ကဋ္ဌ ဦးတင်လှိုင်၊ Bright Time Energy & Export/ Import Co.,Ltd မန်နေဂျင်းဒါရိုက်တာ ပြည့်ဖြိုးကျော်နှင့် တာဝန်ရှိသူတို့က နားလည်မှုစာချွန်လွှာ (MoU) များကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

တာချီလိတ်မြို့ မီးလင်းရေးဦးဆောင်ကော်မတီ (လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း)မှ လျှပ်စစ်ဓာတ်အားပမာဏ (၃၀ - မဂ္ဂါဝပ်) ဖြန့်ဖြူးထားလျက်ရှိရာ ထပ်မံလိုအပ်လျက်ရှိသော ဓာတ်အားလိုအပ်ချက်များကို ဖြည့်ဆည်းဖြန့်ဖြူးနိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိသော သန့်ရှင်းပြီးပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်မှထုတ်လုပ်သော ဆိုလာလျှပ်စစ်ဓာတ်အား (၃၀ - မဂ္ဂါဝပ်) ထုတ်လုပ်ရောင်းချ/ဝယ်ယူရေး သဘောတူညီမှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU) အား နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခဲ့ကြပြီး မကြာမီကာလများအတွင်း တာချီလိတ်မြို့နယ်အတွင်း ဖြစ်ပေါ်လျက်ရှိသည့် ဓာတ်အားလိုအပ်ချက်ကို ပြည့်ဝစွာ ဖြန့်ဖြူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(ပြန်/ဆက်)**

**❂ FIFA–MFF မှ**

Pacific Sun Far အသင်းက ဖူဆယ်ချစ်သူအသင်းကို သုံးဂိုး-တစ်ဂိုး၊ Royal Noka အသင်းက MIU အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး JV အသင်းနှင့် VUC ULAD အသင်းတို့တစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ်(၁၇) အပြီးတွင် Winner Soccer အသင်းက ၃၉ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး YRG အသင်းက ၃၆ မှတ်၊ YCDC MHDT အသင်းက ၃၅ မှတ်၊ JV အသင်းက ၂၅ မှတ်၊ ဖူဆယ်ချစ်သူအသင်းနှင့် VUC ULAD အသင်းတို့က ၂၃ မှတ်စီ၊ MIU အသင်းက ၂၁ မှတ်၊ Royal Noka အသင်းက ၁၈ မှတ်၊ Pacific Sun Far အသင်း က ၁၇ မှတ်၊ Generations အသင်းက ၁၄ မှတ်၊ FFU မင်းမဟော်အသင်းက ၁၀ မှတ်ရထားပြီး ရွှေပြည်သာယူနိုက်တက်အသင်းက အမှတ်လျှော့ခံထားရသဖြင့် -၆ မှတ်ဖြင့် ယှဉ်ပြိုင်နေရသည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

**✤ ONE Friday Fights မှ**

မြန်မာဖိုက်တာ စိန်လုံးချောသည် ထိုင်းဖိုက်တာ ဆာနစ်နှင့် တွေ့ဆုံခဲ့ပြီး ဒုတိယအချီ ၁ မိနစ် ၃၂ စက္ကန့်တွင် အလဲထိုးအရေးနိမ့်ခဲ့သည်။ စိန်လုံးချောသည် ONE နှင့် ထိုးသတ်ထားသည့် နှစ်ပွဲစလုံး အရေးနိမ့်ထားပြီး ယခုပွဲတွင်လည်း လက်စွမ်းမပြနိုင်ဘဲ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ထိုင်းဖိုက်တာ ဆာနစ်မှာမူ ပထမဆုံးပွဲတွင် အလဲထိုးဖြင့် အနိုင်ရခဲ့သည်။ **သတင်း-ထွဏ်းသွေးအိမ်၊ ဓာတ်ပုံ-ONE**

# အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်

မင်းဘူး ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေ တိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် သင်တန်းများမှ လုပ်ငန်းထူထောင်မည့် သင်တန်းသူ ၂၅ ဦးအား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက်ပိုင်း က မင်းဘူးမြို့ရှိ မင်းပူးဦးဩဘာသမြို့နယ်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက် ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျေးလက်နေမိသားစုဝင်ငွေတိုး ရေးစီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် သင်တန်းများမှ ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် သင်တန်းသူ ၂၅ ဦး အား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ် ကာ သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးမှုအပေါ် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ် ကြီးကြပ်မှုဖြင့် မင်းဘူးခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ စီမံကိန်းကျေးရွာ ငါးရွာ၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများအနက် စက်ချုပ်သင်တန်းနှစ်ခုမှ သင်တန်းသူ ၁၀ ဦး၊ စားသောက်ကုန်သင်တန်းသုံးခုမှ သင်တန်းသူ ၁၅ ဦး စုစုပေါင်း ထူးချွန်သင်တန်းသူ ၂၅ ဦးအား စိစစ် ရွေးချယ်ပြီး ကုန်ကြမ်းဖိုးငွေကျပ်နှစ်သိန်း ထည့်ဝင် စေကာ ကိုယ်ပိုင်လုပ်ငန်းများထူထောင်ရန်အတွက် ဌာနမှ တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးစက်ပစ္စည်းများကို ရာသက်ပန်သုံးဆွဲခွင့်ပြုပေးခဲ့ကြောင်း၊ အဆိုပါ စီမံကိန်းလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ပံ့ပိုးမှုဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှစတင်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ကိုယ်ပိုင်လုပ်ငန်းရှင် စုစုပေါင်း ၆၀ အား အသေးစားလုပ်ငန်းရှင်များ ဖြစ်အောင် မွေးထုတ်ဆောင်ရွက်ပေးနိုင်ခဲ့ကာ လုပ်ငန်း မှတ်ပုံတင်များ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)



# ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး လက်တွေ့ဇာတ်တိုက်လေ့ကျင့်

ပန်းတနော် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ဦး လမ်းညွှန်မှုဖြင့် မြို့နယ်အတွင်း ရေယာဉ် ခရီးသွားပြည်သူများအား ပန်းတနော် RiverView တွင် ယနေ့နံနက်ပိုင်း က အသက်ကယ်အင်္ကျီဝတ်ဆင်ခြင်းနှင့် ရေဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရန် လက်တွေ့လေ့ကျင့်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေဇေအောင် ဦးဆောင်ကာ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များက ရေဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရန် နည်းလမ်းများ၊ မိမိကိုယ်ကိုကာကွယ်နိုင်ရန် အသက်ကယ်အင်္ကျီ ဝတ်ဆင်ခြင်းနည်းလမ်းများနှင့် ကယ်ဆယ်ရေးနည်းလမ်းများကို လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ပေးခဲ့ပြီး ရေယာဉ်များပေါ်တွင် အရေးပေါ်အသက်ကယ်ဘောကွင်းများနှင့် အသက်ကယ်အင်္ကျီ အသင့် ဆောင်ရွက်ထားရှိရန် စစ်ဆေးကာ ရေလမ်းခရီးသွားများအား ရေဘေး အန္တရာယ်ကင်းဝေးစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မိုးဟိန်းထက်

# မီးဘေး၊ လျှပ်စစ်ဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းများ သရုပ်ပြ

ကျောက်ပန်းတောင်း ဩဂုတ် ၉

မန္တလေးတိုင်း ဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်နှင့် ဝန်ထမ်း များသည် မြို့နယ်အတွင်း မီးဘေး လုံခြုံရေးနှင့် သဘာဝဘေးများကို စနစ်တကျ တုံ့ပြန်နိုင်ရေးတို့ အတွက် အသိပညာပေးခြင်း များကို အခြေခံပညာကျောင်း များ၊ ကိုယ်ပိုင်ကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများ အတွင်း ကွင်းဆင်း ဆောင်ရွက်ပေးလျက် ရှိရာ ဩဂုတ် ၆ ရက်က ချောက်-ကျောက်ပန်းတောင်း လမ်းဘေး



ရှိ IDEA ကိုယ်ပိုင်အထက်တန်း ကျောင်း၌ ပြုလုပ်သည်။

IDEA ကိုယ်ပိုင်အထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်း သူများအား မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်က မီးဘေးလုံခြုံရေး နှင့် လျှပ်စစ်ဘေးဆိုင်ရာ အသိပညာ ပေးဟောပြောခြင်းနှင့် ကူညီ ကယ်ဆယ်ရေးပစ္စည်းများ အသုံး ပြု ကယ်ဆယ်ခြင်းများကို လက်တွေ့ ရှင်းလင်းပြသရာ ကျောင်းအုပ်ဆရာကြီး ဦးနေဝင်း နှင့် ဆရာ ဆရာမများ၊ ကျောင်း သား ကျောင်းသူများ စုစုပေါင်း ၂၈၀ တက်ရောက်ကြသည်။

ယင်းနောက် ဦးစီးမှူးနှင့်ဝန်ထမ်း များက အရေးပေါ်မီးငြိမ်းသတ် နည်းများ၊ မီးသတ်ဆေးဘူး အသုံးပြု မီးငြိမ်းသတ်နည်းများကို လက်တွေ့သင်ကြား ပြသရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စား စွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

နေအောင်(ပြန်/ဆက်)

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

ပုသိမ် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၇ ရက်က ပြုလုပ်သည်။

### ဆွေးနွေးဟောပြော

အသိပညာပေးဟောပြောပွဲတွင် ပလတ်စတစ်လျှော့ချရေးနှင့် အမှိုက်ခွဲခြားစွန့်ပစ်ခြင်းခေါင်းစဉ်ဖြင့် ပုသိမ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိသိင်္ဂီသက်က “ကမ္ဘာတစ်ဝန်း ပလတ် စတစ်ညစ်ညမ်းမှု အဆုံးသတ်ရေး စုပေါင်းအားဖြင့် ဆောင်ရွက်ပေး” ဟူသော ဆောင်ပုဒ်နှင့်အညီ ကမ္ဘာကြီး၏ လက်ရှိအခြေအနေအရ



အမှိုက်ခွဲခြားစွန့်ပစ်ခြင်းနှင့် ပလတ်စတစ်ညစ်ညမ်းမှု၊ အသုံးပြုမှု လျှော့ချနိုင်ရေးကို ရည်ရွယ်၍ Power Point၊ Video Clip များဖြင့် ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မြန်အောင်ခရိုင်၌ ပြည်သူလူထုပါဝင်သော ရေဘေးသဏ္ဍာန်တူသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်

မြန်အောင် ဩဂုတ် ၉

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ် အမှတ်(၁) ရပ်ကွက် မကျီးစုရေကင်းစခန်း အနီး မြစ်ရေပြင်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်သော ရေဘေး သဏ္ဍာန်တူသရုပ်ပြ ဇာတ်တိုက် လေ့ကျင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးလှိုင်က အဖွင့်အမှာ စကားပြောကြားပြီး ရေဘေး တုံ့ပြန်ရေး သဏ္ဍာန်တူဇာတ်တိုက် သရုပ်ပြခြင်း ဆောင်ရွက်ရာတွင် သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင် ၇၀ က မြစ်ရေပြင်၌ စက်လှေ မှောက်မှုဖြစ်စဉ်တွင် ရှာဖွေကယ် ဆယ်ရေးဆောင်ရွက်မှု သရုပ်ပြ ခြင်း၊ ဦးခေါင်းနှင့် ခြေထောက် ဒဏ်ရာရရှိပြီး ရေနစ်နေသူအား ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက် ခြင်း၊ ရေသန့်ဘူးအသုံးပြုပြီး ရေဘေးအန္တရာယ် ကာကွယ်မှု



သရုပ်ပြခြင်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အခမ်းအနား တက်ရောက်လာသူများက ကြည့်ရှု အားပေးခဲ့သည်။

ဆက်လက်၍ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင် များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ များက မီးသတ်ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ခေတ်မီ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေ ကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာ များအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဟင်္သာတခရိုင် မီးသတ်ဦးစီးမှူး ဦးဟိန်းသူဟန်က ရှင်းလင်းတင်ပြ ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ရေးကော်မတီဥက္ကဋ္ဌက လိုအပ် သည်များ လမ်းညွှန်မှာကြားခဲ့ ကြောင်း သိရသည်။

ရောဦးသာ

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ် ကြပါစို့

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုအားပေး



ပုသိမ် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီးအတွင်းရှိ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ယနေ့နံနက်ပိုင်းက ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ညောင်းတုန်းမြို့နယ် ဂန်ချောင်းကျေးရွာရှိ ဦးဝင်းနိုင်၏ ကြက်ခြံ ၃၀ တွင် ဥစားကြက်ကောင်ရေ တစ်သိန်းခွဲမွေးမြူထားရှိမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက ကိုယ်တိုင်စပ်အစာထုတ်လုပ်ထားရှိမှု၊ ကုန်ကြမ်းရရှိမှုနှင့် ထုတ်လုပ်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် ကြက်ခြံများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ရှင်းလင်းဆောင်တွင် ဥစားကြက်မွေးမြူရေးခြံပိုင်ရှင်က ဥစားကြက်မွေးမြူမှု တစ်ရက်လျှင် ကြက်ဥတစ်သိန်းကျော်ထုတ်လုပ်နိုင်မှု၊ တိုင်းဒေသကြီးအတွင်းနှင့်ရန်ကုန်တိုင်းဒေသကြီးသို့ ကြက်ဥတင်ပို့ရောင်းချမှုအခြေအနေများ၊ တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးက ဥစားကြက်မွေးမြူရေး အခြေအနေများကို ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး မွေးမြူထုတ်လုပ်မှုစာရင်းဇယားများ စနစ်တကျမှတ်သားဆောင်ရွက်စေရေးနှင့် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd. သို့သွားရောက်၍ ကုမ္ပဏီ၏လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ကုမ္ပဏီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက စမ်းသပ်မွေးမြူထားသည့် ငါးမွေးကန်များ၊ ရေသွင်းရေထုတ်စနစ်များဆောင်ရွက်ထားရှိမှုများ၊ Carbon based NPK compound fertilizer ထုတ်လုပ်ခြင်းများဆောင်ရွက်မည့် မြေနေရာများစတင်ပြုပြင်ဆောင်ရွက်နေမှုများ၊ ငါးအသားလွှာပြုပြင်ထုတ်လုပ်ခြင်းနှင့်အေးခဲခြင်းစက်ရုံ ပြီးစီးဆောင်ရွက်မှုအနေအထားများ၊ အဆင့်မြင့်သံကန်များတွင် ငါးများစမ်းသပ်မွေးမြူထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြသမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးနှင့် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးမှာကြားခဲ့ပြီး လိုအပ်သည်များတင်ပြမှုများအပေါ် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပုသိမ်ကြီးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

ပုသိမ်ကြီး ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးအနေဖြင့် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့" ပန်းခင်း (၃) စီမံချက်အနေဖြင့် ယနေ့နံနက်ပိုင်းက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းအခမ်းအနားကို အထက (ပုသိမ်ကြီး)၌ ကျင်းပသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေး၊ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်တိကျမှုရှိစေရန် ကျောင်းအုပ်ကြီး ဦးမျိုးဇော်ခိုင်နှင့် ဆရာ ဆရာမများက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ကျောင်းသား ကျောင်းသူ ၁၅၂ ဦးအား ပန်းခင်း(၃) စီမံချက်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းကပေးအပ်ရာ ကျောင်းအုပ်ကြီးက ကျောင်းသား ကျောင်းသူများကိုယ်စား လက်ခံရယူခဲ့သည်။ ထို့အပြင် ကျောင်းသား ကျောင်းသူများအား e-ID စနစ်ဖြင့် Biographic၊ Biometric များကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





# မင်းလှမြို့၌ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် UID ကတ်များကွင်းဆင်းဆောင်ရွက်ပေး

မင်းလှ ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့်UID (Smart Card)များကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့ နံနက်ပိုင်းက စစ်ကွင်းမြို့မရပ်ကွက်၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်ဦး၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးမှူး ဦးလော်ရမ်း ဦးဆောင်၍ ပန်းခင်းအဆင့် (၃) စီမံချက်ဖြင့် ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးသည့်အပြင် ဇီဝအချက်အလက်( Biometric) ကောက်ယူမှုလည်း ဆောင်ရွက်၍ Unique ID (Smart Card) ထုတ်ပေးခြင်းလုပ်ငန်းကို တစ်ပါတည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာအုပ်စုများကို ဆက်လက်ကွင်းဆင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ပြုလုပ်ပေး

ပဲခူး ဩဂုတ် ၉

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး၏ နယ်မြေကွင်းဆင်းကြီးကြပ်မှုဖြင့် ပဲခူးခရိုင်ဦးစီးမှူး၊ ပဲခူးမြို့နယ်ဦးစီးမှူးနှင့် ရုံးအဖွဲ့ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ရွှေသာလျောင်းဘုရားဝင်းရှိမင်္ဂလာခန်းမ၌ မဇင်းရပ်ကွက်ရှိ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအခမဲ့ ပြုလုပ်ပေးခဲ့သည်။



ဦးစွာ ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းအောင်က ပန်းခင်းစီမံချက်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပဲခူးခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဒေါ်ဝင်းဖြူဖြူ၊ ပဲခူးမြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်နိုင်တို့က ပြည်သူများ သိသင့်သိထိုက်သော ဥပဒေစည်းကမ်းများကို ရှင်းလင်းခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ်မှတာဝန်ရှိသူများသည် နေ့စဉ်နယ်မြေဒေသအလိုက်နယ်မြေကွင်းဆင်း၍အများပြည်သူအဆင်ပြေစေရန် ပန်းခင်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မဇင်းရပ်ကွက်ရှိ ဒေသခံပြည်သူ ၁၆၇ ဦးအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# တန့်ယန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ



တန့်ယန်း ဩဂုတ် ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၃)အရ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သက်၊ မြို့နယ်ဦးစီးမှူး ဦးအမ်ဇော်နော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာလွင်နှင့် ဆရာ ဆရာမများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(တန့်ယန်း)**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၏ ဝမ်းသာပီတိစကားသံများ

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီးဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ဇူလိုင် ၂၇ ရက်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း ဖြေဆိုသူ ၃၃၇၉၁ ဦးရှိသည့်အနက် အောင်မြင်သူ ၁၆၇၆၆ ဦးရှိကာ အောင်မြင်မှုရာခိုင်နှုန်း ၄၉ ဒသမ ၆၂ ရာခိုင်နှုန်းရှိခဲ့သည်။


မသက်မှူးဝေဇင်


မရွှန်းသံသာအေး


မနှင်းသီရိဝေ


မခင်ငြိမ်းချမ်း


မလှမျိုးခင်


မအိနဒီကျော်

မန္တလေးတိုင်း ဒေသကြီး အတွင်း ဂုဏ်ထူးရရှိမှုအနေဖြင့် ခြောက်ဘာသာ ဂုဏ်ထူးရှင် ၄၂ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၈၀၊ လေးဘာသာ ဂုဏ်ထူးရှင် ၅၄၂ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၂၂၆၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၈၉၆ ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရှင် ၂၉၉၃ ဦးရှိခဲ့သည်။

အဆိုပါကျောင်းသားကျောင်းသူများအနက် ထူးချွန်အဆင့် ကျောင်းသူအချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မသက်မှူးဝေဇင်**
**(မြန်မာတစ်နိုင်ငံလုံး ဝိပ္ပံတွဲ ပထမအဆင့် အမှတ်အများဆုံးရရှိသူ)**

သမီးကတော့ အမှတ်ပေါင်း ၅၂၀ ရရှိခဲ့ပါတယ်။ အခုလို ဝိပ္ပံတွဲမှာ အမှတ်အများဆုံးနဲ့ အောင်မြင်မှုရရှိတဲ့အတွက် အလွန်ကို ဝမ်းသာပျော်ရွှင်မိပါတယ်။ သမီးငယ်ငယ်ကတည်းက စာကိုတစိုက်မတ်မတ် ကြိုးစားခဲ့ပါတယ်။ သူငယ်တန်းကနေစပြီး ဆုတွေလည်း ရရှိခဲ့ပါတယ်။ မိဘတွေကလည်း ပံ့ပိုးပေးကြပါတယ်။ သမီးအနေနဲ့ စီးပွားရေးကိုဝါသနာပါတဲ့အတွက် ဝိပ္ပံတွဲကိုယူခဲ့တာ ဖြစ်ပါတယ်။ နောက်ပိုင်းကျရင်လည်း စီးပွားရေးကို ထဲထဲဝင်ဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးတက္ကသိုလ်တက်ရောက်မယ်လို့ စိတ်ကူးထားပါတယ်။

**မရွှန်းသံသာအေး**
**(မြန်မာတစ်နိုင်ငံလုံး သိပ္ပံတွဲ ဒုတိယအဆင့် အမှတ်အများဆုံးရရှိသူ)**

သမီးကတော့ အမှတ်ပေါင်း ၅၄၆ မှတ်ရရှိခဲ့ပါတယ်။ စာကိုတစ်နေ့စာတစ်နေ့ ကျက်မှတ်လေ့လာပြီး တစ်ပတ်စာတစ်ပတ် ပြန်လည် လေ့ကျင့်ခဲ့ပါတယ်။ အိပ်ချိန်ကိုလည်း ပုံမှန်ထားပြီး ကြိုးစားလေ့လာခဲ့ပါတယ်။ အခုလို ရလဒ် ထွက်ပေါ်လာတဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိပါတယ်။ မိဘတွေရော ဆရာ ဆရာမတွေကိုရော အားလုံးကိုကျေးဇူး အထူးတင်ရှိပါတယ်။ သမီးရဲ့ ရည်ရွယ်ချက်ကတော့ နှလုံးအထူးကု ဆရာဝန်တစ်ယောက် ဖြစ်ချင်တာပါ။

**မနှင်းသီရိဝေ**
**(မြန်မာတစ်နိုင်ငံလုံး သိပ္ပံတွဲ သတ္တမအဆင့် အမှတ်အများဆုံးရရှိသူ)**

သမီးရဲ့အမှတ်ကတော့ ၅၄၁ မှတ်ဖြစ်ပါတယ်။ စာကိုနှစ်စကတည်းက တစ်နေ့စာတစ်နေ့လုပ်ဖြစ်ပါတယ်။ ပြန်လည်လေ့ကျင့်ခန်းတွေကိုလည်း သေချာလေးလုပ်ဖြစ်ပါတယ်။ ဘာသာရပ်အလိုက်လည်း မျှမျှတတ လေ့လာဆည်းပူးဖြစ်ပါတယ်။ ကိုယ်အားမရတဲ့ ဘာသာရပ်တွေကိုလည်း အားစိုက် ကျက်မှတ်ခဲ့ပါတယ်။ ပုံမှန်စာကျက်ချိန်ထားပြီး အကျိုးရှိစွာ အာရုံစိုက်ကြိုးစားလေ့လာခဲ့ပါတယ်။ စာမေးပွဲနီးလာတာနဲ့ အမျှ ပိုပြီးအားစိုက်လေ့လာဖြစ်ခဲ့ပါတယ်။ အထူးကုဆရာဝန်ကြီးတစ်ယောက်ဖြစ်အောင် ကြိုးစားသွားဖို့ ရည်မှန်းထားပါတယ်။

**မခင်ငြိမ်းချမ်း**
**(မြန်မာတစ်နိုင်ငံလုံး သိပ္ပံတွဲ အဋ္ဌမအဆင့် အမှတ်အများဆုံးရရှိသူ)**

သမီးကတော့ အမှတ်ပေါင်း ၅၄၀ ရရှိခဲ့ပါတယ်။ စာကိုတစ်နေ့စာတစ်နေ့ အပြတ်လေ့လာပါတယ်။ ဆရာ ဆရာမတွေရဲ့ သင်ကြားမှုတွေကိုလည်း သေချာနားထောင် ဆည်းပူးခဲ့ပါတယ်။ အောင်စာရင်းထွက်မယ့် ညကလည်း အလွန်ကို ရင်ခုန်ခဲ့ပါတယ်။ ကိုယ်မျှော်မှန်းထားသလို ဖြစ်မလာမှာကို ကြောက်မိပါတယ်။ ဒါပေမဲ့ ကြိုးစားထားသလို ဖြစ်လာတဲ့အတွက် အလွန်ကို ဝမ်းသာပျော်ရွှင်မိပါတယ်။ သမီးက ဆရာဝန်တစ်ယောက်ဖြစ်ချင်ခဲ့တာပါ။ အခုလိုအမှတ်တွေ အများကြီးရရှိအောင် သင်ကြားပို့ချပေးကြတဲ့ ဆရာဆရာမတွေ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**မလှမျိုးခင်**
**(မြန်မာတစ်နိုင်ငံလုံး သိပ္ပံတွဲ ဒသမအဆင့် အမှတ်အများဆုံးရရှိသူ)**

သမီးရဲ့အမှတ်ပေါင်း ၅၃၈ မှတ်ရရှိခဲ့ပါတယ်။ ဆရာ ဆရာမတွေ သင်ကြားပေးတဲ့ စာတွေကို သေချာလေ့လာသင်ယူခဲ့ပါတယ်။ စာကိုလည်း တစ်ပတ်စာတစ်ပတ် ပုံမှန်လေ့လာကျက်မှတ်ခဲ့ပါတယ်။ ကိုယ်အားနည်းတဲ့ ဘာသာရပ်ကိုလည်း သေချာလေး အားစိုက်လေ့လာဖြစ်ခဲ့ပါတယ်။ ဘာသာရပ်အလိုက် အချိန်ဇယားစွဲပြီး စနစ်တကျ ကျက်မှတ်ခဲ့ပါတယ်။ ဆေးတက္ကသိုလ် တက်ရောက်ပြီး ဆရာဝန်ကောင်း တစ်ယောက်ဖြစ်အောင် ဆက်လက်ကြိုးစားသွားမှာပါ။ သမီးက ကလေးတွေကို ချစ်တတ်တဲ့အတွက် ကလေးအထူးကု ဆရာဝန်တစ်ယောက် ဖြစ်ချင်ပါတယ်။ သမီးဒီလို အောင်မြင်မှုရရှိအောင် သင်ကြားပေးတဲ့ ဆရာကြီး၊ ဆရာမကြီးတွေအားလုံးနဲ့ ကျေးဇူးရှင်မိဘနှစ်ပါးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**မအိနဒီကျော်**
**(မြန်မာတစ်နိုင်ငံလုံး သိပ္ပံတွဲ ဒသမအဆင့် အမှတ်အများဆုံးရရှိသူ)**

သမီးက အမှတ်ပေါင်း ၅၃၈ မှတ်ရရှိခဲ့ပါတယ်။ ဒီလိုအောင်မြင်မှုရရှိဖို့ စာသင်နှစ်စကတည်းက စာကို တစိုက်မတ်မတ်နဲ့ တစ်နေ့စာတစ်နေ့ ပြီးပြတ်အောင် လေ့လာဆည်းပူးခဲ့ပါတယ်။ ဆရာဆရာမတွေ သင်ကြားပေးတဲ့ ဘာသာရပ်အလိုက် သင်ခန်းစာတွေကိုလည်း သေချာဂရုတစိုက် စိတ်ဝင်တစား နားထောင်သင်ယူခဲ့ပါတယ်။ မိဘတွေကလည်း ဘေးနားကနေ လိုအပ်တာတွေကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ သမီးအနေနဲ့ကတော့ နိုင်ငံအတွက်ရော မိဘကိုရော ကျေးဇူးဆပ်နိုင်မယ့် ဆရာဝန်တစ်ယောက် ဖြစ်ချင်ပါတယ်။ **မောင်အေးချမ်း**

## စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) နှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၇ ရက်တွင် အင်းစိန် အထက(၅) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးစိန်က အမှာစကား ပြောကြား၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်စာပေဥယျာဉ်အသင်း ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာမိုလ်သံမဏိ-တောင်တွင်းကြီး)က “လူငယ်များစာဖတ်ခြင်း၏ အကျိုးကျေးဇူး” ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကာ ကျောင်းစာကြည့်တိုက်အတွက် ဗဟုသုတရဖွယ် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## ကလောမြို့နယ် သမဝါယမအသင်းစုလီမိတက် အစည်းအဝေးကျင်းပ

**ကလော ဩဂုတ် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် အောင်ပန်းမြို့မ အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းခန်းမ၌ ယနေ့ နံနက် ၁၀ နာရီတွင် မြို့နယ် သမဝါယမအသင်းစု လီမိတက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပသည်။



ဦးစွာ ကလောမြို့နယ် သမဝါယမအသင်းစု လီမိတက် ဥက္ကဋ္ဌ သဘာပတိ ဦးခင်ထွန်းက အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်က လမ်းညွှန်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက လမ်းညွှန်အမှာ စကားပြောကြားပြီး ကလောမြို့နယ် သမဝါယမ အသင်းစုမှ တာဝန်ရှိသူများက အမှုဆောင်အဖွဲ့မှ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများနှင့် အသင်းစာရင်းစစ် အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းတင်ပြသည်။

ထို့နောက် သဘာပတိက အသင်း၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ စာရင်းစစ် အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးစာရင်းရှင်းတမ်း၊ အသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းအမှုဆောင်၏ တင်ပြမှုအမှာစာများကို အသင်းဝင်ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားရယူ၍ အတည်ပြုကြေညာခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၉၂၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၁၀၂၉၇၀၃၅ ကျပ်)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၁၃၂၂၁၇၀၃၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှမုံရွာမြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးနှင့် ကျိုက်စန်းကျော့မှမန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၄၉၈၃၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၄၉၈၃၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၈ ရက်တွင် မွန်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ဟသ်ာအဝိုင်းအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၄၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၄၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




သီလဝါဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ ရေပူစမ်းလမ်းဆုံ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ချင်းရွှေဟော်မှ လားရှိုးမြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၃၉၉၂၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan UD Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၃၃၉၉၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၈ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ်ရှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၂၄ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၃ မှု (ခန့်မှန်းတန်ဖိုးငွေ ၅၈၁၅၉၉၂၅၅ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## ပန်းဘဲတန်းမြို့နယ် မြင်းပျံသမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ပန်းဘဲတန်း ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မြင်းပျံရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အဆိုပါ အခမ်းအနားကို ဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အတွင်း အသင်း၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်၊ ဘဏ္ဍာရေးရှင်းတမ်းများကိုဖတ်ကြားကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး အသင်းသားများအား အစုအပေါ်အမြတ်ငွေ ခွဲဝေပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လုပ်ငန်းခွင်ပြင်ပ ထိခိုက်သေဆုံးမှု အကျိုးခံစားခွင့် ထုတ်ပေး

ရန်ကုန် ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော General Textile(Myanmar) Apparel Co.,Ltd. မှ အာမခံအလုပ်သမားအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမတွင် ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီ




မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော General Textile(Myanmar) ApparelCo.,Ltd. မှ အာမခံအလုပ်သမား ဦးကျော်ရဲအောင်၏ လုပ်ငန်းခွင်ပြင်ပထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၅၂၂၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်သူဇာဝင်းအား ထုတ်ပေးခဲ့ကြောင်းသိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၈-၂၀၂၅ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောချုပ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ရတနာထိုက်စွာပယင်းရတနာ
- ၀၉:၁၅ ကာတွန်းအစီအစဉ် **'ချစ်စရာသိုးဖိသားစု'** (အပိုင်း-၁၄)
- ၀၉:၅၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၁၅ 'မေတ္တာဝုဏ်' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၂:၃၅ This Week's Special Interest
- ၁၃:၁၀ အသိပညာနှင့်အမှန်တရား
- ၁၃:၂၀ MRTV National News
- ၁၃:၅၅ မြန်မာဂန္တဝင်ရုပ်ရှင် **'ဖြိုမှာလေလားမိုးရဲ့'**
- ၁၅:၄၅ ၂၀၂၅ ခုနှစ်(၁၃)ကြိမ်မြောက် အာဆီယံ အမျိုးသမီးတံခွန်စိုက်ဘောလုံးပြိုင်ပွဲ (အုပ်စုပွဲစဉ်) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် တီမောလက်စတေအမျိုးသမီးလက်ရွေးစင်အသင်း)
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'မုသားနောက်ကွယ်'** (အပိုင်း-၂၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ဘဝနှင့်အနုပညာ 'အကယ်ဒမီခြူးလေး'
- ၂၁:၃၀ ဆေးရောင်စုံရုပ်ရှင် **'ချစ်ခြင်းရှင်သန် ယုံကြည်စွာဖြင့်'**

**mitv**

- 07:01 Evergreen Classic: Thatta Htar Na (Sein Lei Lei)
- 07:10 Reconservation Thatbyinnyu Temple
- 07:27 Tech Digest
- 07:35 Sri Ksetra, Field of Fortune & Glory (Part-3)
- 08:01 News
- 08:27 Patchwork Bags
- 08:40 Preserving and Teaching Myanmar Cultural Arts
- 09:02 National Museum (Yangon) (Ep-1)
- 09:35 Today Myanmar:
- 09:47 Dough Artist's Dream
- 10:01 News

**Me**

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၅ တိုင်းရင်းသားတေးသီချင်း၊ အက (ကချင်)
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'မုသားနောက်ကွယ်'** (အပိုင်း-၈)
- ၀၈:၁၅ ဇာတ်သဘင်
- ၀၉:၃၅ ချစ်စရာအရွယ်ကစားကြမယ်
- ၁၀:၀၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) **'တုယှဉ်နိုင်းလဲမစိတ်'**
- ၁၅:၄၅ ၂၀၂၅ ခုနှစ်(၁၃)ကြိမ်မြောက် အာဆီယံ အမျိုးသမီးတံခွန်စိုက်ဘောလုံးပြိုင်ပွဲ (အုပ်စုပွဲစဉ်) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် တီမောလက်စတေအမျိုးသမီးလက်ရွေးစင်အသင်း)

**MRTV NRC**

**ပအိုဝ်းကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၂)

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
စဉ့်အိုးဖိုရွာကလေးရဲ့အိုးလုပ်ငန်း

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဘဝအမောပြေနေ့ရက်များဖန်တီးခြင်းပုံရိပ်

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း (ချို) (၁၀:၀၀ မှ ၁၁:၀၀)**
ဝိတိုရိယတောင်(ခေါ်)ခေါ်နူးစုမ်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ကျန်းမာရေးအတွက်ငှက်သိုက်ပေါင်းရည်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
လေးရှင်းတောင်မီးပြတိုက်ဟောင်း

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
နမ့်တီန်းချောင်းဘေးက နာမည်ကြီးဝက်သားချဉ်

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
စီးပွားဖြစ်တဲ့ငှက်ပျောခင်း

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားဒေသမှာအင်ဥရှာထွက်မယ်

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၁၅ Next Level
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်ဖွယ်ရာဥပဒေမှာ'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း
- ၁၁:၃၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၈၆)
- ၁၆:၀၀ ၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ ယူ၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာအမျိုးသမီး နှင့် အိန္ဒိယအမျိုးသမီး)

**MRTV FARMERS' HD**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ စိုက်ပျိုးရေးရာအဖြေရှာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Livestock on the Land
- ၁၈:၄၅ The Birth Of Sake
- ၂၀:၀၀ ရင်ထဲကရွှေနှန်းကျင် (ဇာတ်လမ်း)
- ၂၂:၀၀ Harchi A dog's Tale (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS HD**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Weekly Sports Info
- ၀၇:၄၅ Weekend News
- ၁၂:၀၀ Carabao Futsal Champion Cup 2025 Winner Generation FC Vs Kyaung Syar Tharhtway
- ၁၇:၀၀ အားကစားသတင်း

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်


နေပြည်တော် ဩဂုတ် ၉


ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ၁၁-၈-၂၀၂၅ ရက်မှ ၁၅-၈-၂၀၂၅ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။


**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ




# မွန်ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မော်လမြိုင် ဩဂုတ် ၉

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဥပဒေရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**လိုက်နာဆောင်ရွက်**

ဦးစွာ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က မိမိတို့၏ ဥပဒေအရာရှိများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည့် အားလျော်စွာ နိုင်ငံတော်က ပေးအပ်ထားသောရာထူး၊ လစာတို့ကို ရရှိခံစားနေကြသည့် ဂန်ထမ်းများဖြစ်သည်နှင့်အညီ နိုင်ငံတော်က ပေးအပ်သောတာဝန်များကို ထမ်းဆောင်ကြရာတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် လိုကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်ကိုလည်း အထူးမှတ်သား ဖတ်ရှုကျက်မှတ် နှလုံးသွင်း အကောင်အထည်ဖော်ရန် လိုကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်ကို မိမိတို့၏ ဥပဒေအရာရှိများအားလုံး ကျေကျေညက်ညက်ဖြစ်အောင် ဖတ်ရှုမှတ်သားထားကြရန်လည်း အထူးလိုအပ်မည်ဖြစ်ကြောင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် ရွေးကောက်ပွဲအတွက် ပြင်ဆင်ရန်၊ ရွေးကောက်ပွဲကျင်းပရန်၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအဖွဲ့များနှင့် အခြားအဖွဲ့အစည်းများကို ဆောင်ရွက်သွားစဉ်တွင် နိုင်ငံ့ဝန်ထမ်းဥပဒေအရာရှိများအနေဖြင့် မိမိတို့ကျရာကဏ္ဍမှ နိုင်ငံတော်၏အကျိုး၊ အစိုးရ၏အကျိုးအတွက် အားကြိုးမာန်တက်၊ တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ပြန်လည်ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ပြည်နယ်/ ခရိုင်/ မြို့နယ် ဥပဒေအရာရှိများက မိမိတို့၏လုပ်ငန်းဆောင်ရွက်ချက်များ၊ အခက်အခဲများ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြရာ ပြည်နယ်ဥပဒေအရာရှိ(တာဝန်)က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်နယ်ဥပဒေချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)



## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ဒိုက်ဦး ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ယနေ့တွင် ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်မိုးမိုးအေး၏ ဦးဆောင်မှုဖြင့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် ဆောင်ရွက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြုလုပ်

ဆိပ်ကြီးခနောင်တို ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် လူငယ်စကားဝိုင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၇ ရက်က အခြေခံပညာအထက်တန်းကျောင်း (အထက- ခနောင်တို) အောင်းဆန်းခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ဆိပ်ကြီးခနောင်တို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်လှိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သဇင်ဦးက လူငယ်စကားဝိုင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍လူငယ်စကားဝိုင်းကိုစတင်ကျင်းပရာ ဦးစီးအရာရှိ ဒေါ်သဇင်ဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက(ခနောင်တို) Grade-10 မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစား စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားခဲ့ကြပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ခေါင်းစဉ်အလိုက် ဦးဆောင် ဆွေးနွေးကြသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြသည်။

ယင်းနောက် ကျောင်းခန်းမ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမား ပပျောက်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို အခမ်းအနားတက်ရောက် လာကြသူများက လေ့လာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ ဝေယံ(ပြန်/ဆက်)

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ပြုလုပ်



နေပြည်တော် ဩဂုတ် ၉

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၈ ရက် ညနေပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ် ဘောလုံးအားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲပွဲစဉ်ဖြစ်သည့် မင်္ဂလာဒုံတပ်နယ်ကိုယ်စားပြုအသင်းနှင့် မှော်ဘီတပ်နယ်ကိုယ်စားပြုအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်း အကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော မှော်ဘီတပ်နယ်ကိုယ်စားပြုအသင်းတို့အား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးဦးထိန်လင်း ရန်ကုန်မြို့၌ စခန်းဝင်လေ့ကျင့်လျက်ရှိသော အားကစားအဖွဲ့များ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းသည် ဒုတိယအမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့် မြို့နယ် အောင်ဆန်း အားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံသို့ ရောက်ရှိပြီး ပဏာမလက်ရွေးစင်အမျိုးသား/အမျိုးသမီး ဘော်လီဘော အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံအလိုက် အဆင့်၌ တိုးတက်မြင့်မားအောင် ကြိုးစားကြရန်မှာကြားပြီး ပဏာမလက်ရွေးစင် (အမျိုးသား) ဘော်လီဘော အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။



ဆက်လက်၍ တာမွေမြို့နယ် ကျိုက္ကဆံကွင်းအတွင်းရှိ မြန်မာနိုင်ငံ မြားပစ်ကွင်းသို့ ရောက်ရှိပြီး ရုံးခန်း၊ အစည်းအဝေးခန်း၊ အိပ်ဆောင်၊ ထမင်းစားဆောင်တို့ကို ကြည့်ရှုစစ်ဆေး၍ ပဏာမလက်ရွေးစင် မြားပစ်အားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် သဃ်္ဃန်းကျွန်းမြို့နယ် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအားကစားရုံ၌ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင် လေ့ကျင့်နေသော ပဏာမလက်ရွေးစင် Kabaddi အားကစားသမားများ လေ့ကျင့်နေမှုကို လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ Arena Fitness & Sports အားကစားခန်းမ၌ ပဏာမလက်ရွေးစင် ဂျူဂျစ်ဆု အားကစားသမားများ လေ့ကျင့်နေမှုတို့ကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ခရိုင်အဆင့် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၉

ဒဂုံမြို့သစ်ခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ဒဂုံမြို့သစ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့နှင့် ဒဂုံမြို့သစ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး T.T.O ငွေရတုမင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးက အမှာစကားပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ သင်ထောက်ကူပစ္စည်းအဖြစ် ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း သင်ရိုးညွှန်းတမ်းစာအုပ်၃၀၊ သုံးထောင့်ပတ်တီး ၃၀ တို့ကို တိုင်းဒေသကြီးအတွင်းရေးမှူး ဦးကျော်မြင့်အောင်က ပေးအပ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်က လက်ခံရယူသည်။ အဆိုပါသင်တန်းကို ဒဂုံမြို့သစ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်မှ သင်တန်းသူ ၃၀ တက်ရောက်ကြပြီး ဩဂုတ် ၁၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြင့်ရီ**



✻ ကျောဖုံးမှ

အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲဝင် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲအဖြစ် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုနောက်ဆုံးနေ့အဖြစ် ညနေ ၄ နာရီတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်း၊ ည ၇ နာရီတွင် အင်ဒိုနီးရှားအသင်းနှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စုဒုတိယနေ့အပြီးတွင် အိန္ဒိယအသင်းနှင့် မြန်မာအသင်းက လေးမှတ်စီ၊ အင်ဒိုနီးရှားအသင်းက နှစ်မှတ်ရရှိထားပြီး တာ့ခ်မင်နစ္စတန်အသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးဘဲ ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းထက် ဂိုးကွာခြားချက်နည်းနေသဖြင့် နိုင်ပွဲရရှိရန် လိုအပ်နေပြီး သရေကျပါက အခြားအသင်းများ၏ရလဒ်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာနှင့် အိန္ဒိယအသင်း သရေကျပြီး အင်ဒိုနီးရှားအသင်းက တာ့ခ်မင်နစ္စတန်အသင်းကို အနိုင်ရပါက ငါးမှတ်သုံးသင်းဖြစ်သွားမည်ဖြစ်ပြီး အုပ်စုအောက်ဆုံးမှ တာ့ခ်မင်နစ္စတန်နှင့် တွေ့ဆုံသည့်ရလဒ်ကို ပယ်ဖျက်ကာ သုံးသင်းထိပ်တိုက်တွေ့ဆုံမှုရလဒ်ဖြင့် ဆက်လက်ဆုံးဖြတ်မည်ဖြစ်သည်။ အိန္ဒိယနှင့် အင်ဒိုနီးရှားအသင်းက ဂိုးမရှိသရေကျထားပြီး မြန်မာနှင့် အင်ဒိုနီးရှားအသင်းက နှစ်ဂိုးစီသရေကျထားရာ မြန်မာအသင်းအနေဖြင့် သွင်းဂိုးရရှိပြီး သရေကျပါက အုပ်စုပထမနေရာရရှိပြီး ခြေစစ်ပွဲအောင်မြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် အိန္ဒိယအသင်းကို မရှုံးအောင်ကစားရန် လိုအပ်ပြီး သရေကျပါကလည်း သွင်းဂိုးရရှိပြီး သရေကျရန် လိုအပ်နေသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ခွင့်အတွက် အနိုင်ရလဒ် သို့မဟုတ် သွင်းဂိုးရရှိပြီး သရေကျရန် လိုအပ်နေသည်။ သို့သော် မြန်မာနှင့် အိန္ဒိယအသင်း သရေကျပြီး အင်ဒိုနီးရှားအသင်းက တာ့ခ်မင်နစ္စတန်အသင်းကို အနိုင်မကစားနိုင်လျှင် အိန္ဒိယအသင်းက အုပ်စုပထမရရှိသွားပြီး ခြေစစ်ပွဲအောင်မြင်သွားမည်ဖြစ်သည်။ မြန်မာအသင်းသည် တာ့ခ်မင်နစ္စတန်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အင်ဒိုနီးရှားအသင်းနှင့် နှစ်ဂိုးစီသရေကျခဲ့သည်။ အိန္ဒိယအသင်းမှာမူ အင်ဒိုနီးရှားအသင်းနှင့် ဂိုးမရှိသရေကျပြီး တာ့ခ်မင်နစ္စတန်အသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရထားသည်။

အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။ အသင်းနှစ်သင်းအနေအထားအရ မြန်မာအသင်းအနေဖြင့် နိုင်ပွဲဆက်ရန် သေချာသလောက်ရှိသော်လည်း သွင်းဂိုးအရေအတွက်သာ စောင့်ကြည့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် တီမောအသင်းကို အနိုင်ကစားနိုင်သည့်အပြင် ဒုတိယပွဲကစားမည့် လက်ရှိချန်ပီယံ ဖိလစ်ပိုင်အသင်းမှာလည်း ဩစတြေးလျအသင်းကို အနိုင်ကစားနိုင်ပါက နှစ်သင်းစလုံး နောက်ဆုံးပွဲမတိုင်မီ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဩစတြေးလျအသင်းသည် ဖိလစ်ပိုင်ကို သရေ သို့မဟုတ် အနိုင်ကစားနိုင်ပါက နောက်တစ်ဆင့်တက်ရေး နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည်ဖြစ်သည်။ အုပ်စုပထမပွဲတွင် မြန်မာအသင်းက ဩစတြေးလျအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဖိလစ်ပိုင်အသင်းက တီမောအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရထားသည်။

**သတင်း-မောင်စံကြီး၊ ဓာတ်ပုံ-စိုးညွန့်သော်**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်မြို့နယ်၊ Star City Estate ရှိ မြို့တော်အိမ်ရာ STAR CITY (ESTELLA TOWN HOUSES),Property NO– ETH–522, အကျယ်အဝန်း(ဧရိယာ–1235 Sqft)ရှိသည့် (2RC)နေအိမ်အပါအဝင် ယင်းအိမ်မြေနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချသူများဖြစ်ကြသော ၁။ ဦးသက်ဝင်းနိုင် [၁၂/ဗဟန(နိုင်)၀၉၄၃၂၇]၊ ၂။ ဒေါ်နန်းမို့မို့လုံ [၁၃/တခလ(နိုင်)၀၅၉၄၂၀]တို့ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ၁။ ဒေါ်နှင်းနှင်းအေးလူ [၁၂/ရကန(နိုင်)၀၅၀၆၀၉]၊ ၂။ ဦးထင်သော်တိုး [၁၂/အလန(နိုင်)၀၀၁၇၂၆]တို့က (၉–၉–၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်မြေသည် ၎င်းတို့သာလျှင် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်၍ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်သီသီဟန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၇၄၀၆/၂၀၂၁)**
**အမှတ်(၁၂)၊(၄)လွှာ၊အခန်း(က)၊ သိမ်ကြီးလမ်း၊ အိုးဘိုရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– 09–431021315, 09–777752022.**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၂၊ ရတနာ(၂)လမ်း၊ မြေကွက်အမှတ်– ၃၉၀၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေအမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် အနေအထားဖြင့် မြေကွက်အမှတ်– ၃၈၉ နှင့် ကပ်လျက်ဘက်ခြမ်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် ဦးလေးမြင့် အမည်ဖြင့် မှတ်သားတည်ရှိ၍ ၎င်းထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရင်ငွေး [၁၂/လမန(နိုင်) ၁၀၄၉၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများ (၁) ဦးသီဟန် [၁၂/ဥကတ(နိုင်) ၁၇၅၄၇၄]၊ (၂) ဒေါ်ယမင်းကျော်ငြိမ်း [၁၂/ဥကမ(နိုင်) ၂၀၈၀၀၀] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၃၀၀)**
**အမှတ်– ၁၆(ခ)၊ ရန်ကုန်လမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ 09–420058553, 09–799466954**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရွှေကြာဖျိုက်ကျေးရွာအုပ်စု၊ ကျွဲသလင်းကျေးရွာဟုခေါ်တွင်သော မြေအမည်ပေါက်–ဦးသောင်း၊ ကွင်းအမည်–သဃ်န်းချောင်၊ ကွင်းအမှတ်(၁၁၉/B)၊ ဦးပိုင်အမှတ်(၃၈)၊ မြေအကျယ်အဝန်း–(၁.၄၀)ကေရှိ ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်၊ မြေပေါ် မြေအောက်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံး**တို့သည် ယခုအပိုင်ရောင်းချသူ ဒေါ်ခင်ချို [၁၂/ထတပ(နိုင်)၀၅၅၅၄၁]မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာ ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စရပ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်သန္တာ [၁၄/ပတန(နိုင်)၂၁၁၉၅၈]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပြည့်ပြည့်လှိုင်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၀၃၈)**
**LL.B, D.B.L, D.IP.L, D.M.L, D.C.W.E, DL–101 (WIPO Switzerland)**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၂၀၂)၊ ဒုတိယထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ရုံးဖုန်း – 09–260087755, 09–421123477**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်–၅၊ နည်းဥပဒေ ၂၀)
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၇၇

| | | |
|---|---|---|
| ဒေါ်ဗန်လှယ် | နှင့် | ၁။ မောင်သာဇံ |
| | | ၂။ ဦးချစ်သောင်း |
| | | ၃။ ဒေါ်စောလှ |
| | | ၄။ မမယ်သန့် |
| | | ၅။ မောင်ရွှေနီ |
| **(တရားလို)** | | **(တရားပြိုင်များ)** |

**ရွှေနံ့သာကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (၂) တရားပြိုင် ဦးချစ်သောင်း၊ (၄) တရားပြိုင် မမယ်သန့်၊ (၅) တရားပြိုင် မောင်ရွှေနီ (အတူနေမိသားစု) (ယခုနေရပ်လိပ်စာမသိ)** သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အချင်းဖြစ်မြေအား လက်ရှိထား စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု"**နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ **၂၀၂၅ ခုနှစ်၊ ဩဂုတ်လ (၂၇)ရက်၊ (၁၃၈၇ ခု၊ တော်သလင်းလဆန်း ၅ ရက်)**နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)အမှုနှင့်စပ်ဆိုင်သည့် စာရွက်စာတမ်းများ နှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ပုံ xxx**
**(အောင်အောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ရန်ကုန်တိုင်းဒေသကြီး၊တွံတေးမြို့နယ်၊ရန်ကုန်မြို့သစ်စီမံကိန်း၊ကွင်းအမှတ်(၀၂)၊အုပ်စုအမှတ်(RA-2) အကွက်အမှတ်(တ–၀၅)၊မြေကွက်အမှတ်(၀၀၃၇) ဧရိယာ(၈၀'×၈၀')ယာယီမြေပေးမိန့်အမျိုးအစား ဦးထွန်းကြွယ်(၁၂/တတန(နိုင်)၀၀၃၂၄၂)အမည်ပေါက် မြေကွက်အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်း

အထက်ပါမြေကွက်ကို ယာယီမြေပေးမိန့်တွင်တရားဝင်အမည်ပေါက်သူ–ဦးထွန်းကြွယ် ကအရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)ပေးချေခဲ့ပြီးဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၅)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွကန့်ကွက်နိုင်ပါသည်။သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။ (လွှဲအပ်ညွှန်ကြားချက်အရ)

| | |
|---|---|
| **ဦးသန့်ဇင်** ( LL-B ) | **ဒေါ်ဟန်နွေနိုင်** (LL-B) |
| အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈) | အထက်တန်းရှေ့နေ(စဉ်–၂၇၅၄၄) |
| Ph-09 253995848 , 09-798420119 | Ph-09-4200 73685 |

အမှတ်(၅၀)၊ပ-ထပ်၊အခန်း(D–2)၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၃၁-ရပ်ကွက်၊ နှယ်သာဂီလမ်း၊ မြေကွက်အမှတ် (၆၈၀)ဟုခေါ်တွင်သော ဦးအေးမြင့် (AC-၀၃၂၃၈၁) အမည်ပေါက် ပါမစ်မြေကွက် (၄၀' X ၆၀')နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါမြေကွက်ကို ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကြည်ခိုင် (၉/တကန(နိုင်) ၁၁၀၅၀၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆိုသည် ဤကြေညာချက်ပါရှိသည့်နေ့မှ ( ၇ )ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဦးဝင်းနိုင် (မုံရွာ) | ဒေါ်သင်းသင်းညို |
| တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၇၀၉/၉၁) | တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၇၈၆/၁၄) |

အမှတ် (၅၀)၊ ပထမထပ်၊ အခန်း (A-15)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph : 09 - 5169610, 09 - 785169610

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၄A၊မြေကွက်အမှတ်–၁၆၂၊ဧရိယာ(၀.၄၃၆)ဧက၊မြေကွက်တည်နေရာအမှတ်–၁၆၂၊အောင်ဇေယျမြို့တော်လမ်း၊(၆)ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဒေါ်ညွန့်ယဉ်ဝင်း(၁၂/ရကန(နိုင်)၀၀၉၇၄၆)အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဒေါ်ညွန့်ယဉ်ဝင်း(၁၂/ရကန(နိုင်)၀၀၉၇၄၆)ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်(၃)ဆက်ဖြင့်ဝယ်ယူပိုင်ဆိုင်သူဦးဉာဏ်လင်းထိုက်(၁၃/ကခန(နိုင်)၀၁၉၃၈၂)မှအရောင်းအဝယ်စာချုပ်၊နိုင်ငံသားစိစစ်ရေးကတ်၊ပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံ၊ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်၊မြေပုံတို့တွင်ပြ၍အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့်မြေနေရာချထားပေးခံရသူများ၏မှီခိုသူများစာရင်းတို့တွင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မုံဖြင့်ဂရန်သစ်လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၄၁၊မြေကွက်အမှတ်–၆၀၂၊မြေကွက်တည်နေရာအမှတ်(၆၀၂)၊ကံ့ကော်လမ်း၊(၄၁)ရပ်ကွက်၊ဒဂုံမြောက်၊ဦးညို(AE-၂၄၈၆၄၉)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအားဂရန်အမည်ပေါက်–ဦးညိုအားတရားပြိုင်ထားကာဦးကျော်စိုး၊ဒေါ်နန်းနွယ်နှောင်း၊ဦးဇော်ထက်အောင်၊ဒေါ်ခိုင်ဝေဖြိုးတို့မှတရားလိုပြုလုပ်၍ဒဂုံမြောက်မြို့နယ်တရားမရုံး၌တရားမကြီးမှုအမှတ်–၅၂/၂၀၂၅ဖြင့်ပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီဂရီချမှတ်သည့်(၂၃-၄-၂၀၂၅)ရက်စွဲပါစီရင်ချက်၊ဒီဂရီနှင့်တရားမဇာရီမှုအမှတ်(၆၉/၂၀၂၅)တို့အရတရားရုံးကိုယ်စားဘီလစ်ဒေါ်လဲ့လဲ့ခိုင်(၁၃/တကန(နိုင်)၀၀၃၄၁၉)မှတရားရုံးအမိန့်၊ဘီလစ်ခန့်စာ၊ဂရန်၊နိုင်ကတ်တို့တင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၄/ဘီ၊ မြေကွက်အမှတ် ၁၀၀၇ ဟုခေါ်တွင်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနက ဦးစိုးမြင့် (NBN – ၀၈၆၈၉၀) အမည်ဖြင့် ချထားပေးသည့် အကျယ် ၃၀' x ၅၀' ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြရတနာရပ်ကွက်၊ ကာယ ၁၂ လမ်း(မြရတနာ ၁ လမ်း)၊ အမှတ် ၁၀၀၇ ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေနှင့်အိမ်ကို အမည်ပေါက် ဦးစိုးမြင့်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့သော ဦးသိန်းစိုး [၁၂/အစန (နိုင်) ၀၁၇၆၉၂] နှင့် ဒေါ်သန်းသန်းဦး [၁၂/အစန(နိုင်) ဂ၁၈၇၅၂]တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**ညွှန်ကြားချက်အရ –**

| | | |
|---|---|---|
| **ဦးလှရွှေ** | **ဒေါ်မြသက်ဝင်း** | **ဦးကျော်ဇင်လတ်** |
| **စဉ်– ၈၉၁၂** | **စဉ်– ၁၈၉၉၄** | **စဉ်–၁၉၃၇၁** |
| **(၂၁–၃–၂၀၁၃)** | **(၂၂–၁၂–၂၀၂၃)** | **(၂၇–၁၁–၂၀၂၄)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် ၁၂၂၊ ပထမထပ်၊ အနော်ရထာလမ်း(ပန်းဆိုးတန်းလမ်းထောင့်)၊**
**၄ ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၀၁၆၀၂၁၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်
## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## "ကြေညာစာ"

မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ်အတွက် အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၉)ကို ၂၀၂၆–ခုနှစ် ဇန်နဝါရီလတွင် အောက်ဖော်ပြပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်–

| | | | |
|---|---|---|---|
| ၁။ | သင်တန်းအမည် | (က) | ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း (CD/53) |
| | | (ခ) | ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း သင်တန်း (CE/51) |
| | | (ဂ) | ကုန်သွယ်ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း သင်တန်း(CME/06) |
| ၂။ | ပေးအပ်မည့်ဒီပလိုမာ | (က) | ရေကြောင်းပညာဒီပလိုမာ (Diploma in Nautical Studies) |
| | | (ခ) | ရေကြောင်းနည်းပညာဒီပလိုမာ (Diploma in Maritime Technology) |
| | | (ဂ) | ရေကြောင်းလျှပ်စစ်နည်းပညာဒီပလိုမာ (Diploma in Marine Electrical Technology) |
| ၃။ | သင်တန်းဝင်ခွင့် အရည်အချင်း | (က) | ကုန်သွယ်ရေကြောင်း အရာရှိလောင်းသင်တန်းနှင့် ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်းများအတွက် KG + 12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒ ဘာသာရပ်များပါဝင်သော (သိပ္ပံ/ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်ပြီး၊ စုစုပေါင်း အမှတ် အနည်းဆုံး ၄၀၀ ရှိရမည်။ ကုန်သွယ်ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်း သင်တန်းများအတွက် KG + 12 စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များ ပါဝင်သော (သိပ္ပံ/ဝိပ္ပံ) ဘာသာတွဲဖြင့် အောင်မြင်ပြီး၊ စုစုပေါင်း အမှတ် အနည်းဆုံး ၃၉၀ ရှိရမည်။ |
| | | (ခ) | ၂၀၂၅ – ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၂၀ နှစ်ထက် မကျော်လွန်စေရ။ |
| ၄။ | သင်တန်းကာလ | – | ၂ နှစ် |
| ၅။ | လက်ခံမည့် သင်တန်းသားဦးရေ | (က) | ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း ၁၄၀ ဦး |
| | | (ခ) | ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်း သင်တန်း ၁၄၀ ဦး |
| | | (ဂ) | ရေကြောင်းလျှပ်စစ်နည်းပညာအရာရှိလောင်း သင်တန်း ၄၀ ဦး |
| ၆။ | လျှောက်လွှာ လက်ခံမည့်ရက် | – | ၁၁–၈–၂၀၂၅ မှ ၁၀–၁၀–၂၀၂၅ ထိ။ |
| | မှတ်ချက်။ | (က) | သင်တန်းဝင်ခွင့်ကို လူတွေ့စစ်ဆေးရွေးချယ်မည်ဖြစ်ပါသည်။ |
| | | (ခ) | အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ မော်ကွန်းထိန်းရုံး (ဖုန်း၊ ၀၉–၄၀၃၇၃၇၉၇၀)၊ သင်တန်းဌာန (ဖုန်း၊ ၀၉–၄၂၀၁၂ ၄၄၂၅)သို့ ဆက်သွယ်မေးမြန်းရန်နှင့် Website **www.mmmc.edu.mm** နှင့် **မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်– MMMC** Facebook Page တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ |

**မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးစိန်သန်း (၁၂/တတန (နိုင်) ၁၀၈၅၀၈) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကျွန်းတောရပ်ကွက်၊ ကျွန်းတော (၇) လမ်း၊ အိမ်အမှတ် (က/၂၈၅) ဟုခေါ်တွင်သော အကျယ်အဝန်းအားဖြင့် (၄၀ × ၆၀) ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိန်သန်း၏ မိဘများဖြစ်ကြသော ဦးသောင်းညွန့် (ခ) ဦးသောင်းစိန်နှင့် ဒေါ်ခင်ရှင်တို့၏ လက်ထပ်ပွားပစ္စည်းဖြစ်သော အမွေဆိုင်မြေကွက်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိန်သန်း၏ ဖခင်ဖြစ်သူ ဦးသောင်းညွန့် (ခ) ဦးသောင်းစိန်မှာ (၁၉၅၈) ခုနှစ်ခန့်တွင် ကွယ်လွန်ခဲ့ပြီး ဖခင်နှင့်မိခင်တို့တွင် ဦးစိန်သန်း၊ ဦးချိုသန်း သား (၂) ဦး ထွန်းကားခဲ့ပါသည်။ ဖခင်ကွယ်လွန်ပြီးနောက် မိခင်ဖြစ်သူ ဒေါ်ခင်ရှင်မှာ ဦးကျော်စိန် (ခ) ဦးကျော်သိန်း ဆိုသူနှင့် နောက်အိမ်ထောင်ပြုခဲ့ပြီး သားသမီးများဖြစ်ကြသည့် ဒေါ်ဝင်းဝင်းမော်၊ ဒေါ်အေးသီတာ၊ မောင်ဝင်းနိုင်၊ မောင်မြင့်ဇော် နှင့် မောင်သန့်ဇော်လင်း တို့ကို မွေးဖွားခဲ့ပါသည်။ မောင်မြင့်ဇော်မှာ (၂၀၁၄) ခုနှစ်ခန့်တွင် ကွယ်လွန်ခဲ့ပြီး ဦးကျော်စိန် (ခ) ဦးကျော်သိန်း မှာလည်း (၂၀၁၈) ခုနှစ်ခန့်တွင် ကွယ်လွန်ခဲ့ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိန်သန်း၏ မိခင် ဒေါ်ခင်ရှင်မှာ (၂၁-၂-၂၀၂၅) ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် အမွေဆိုင်ပစ္စည်းအဖြစ် အထက်တွင်ဖော်ပြထားသည့် မြေကွက် ကျန်ရှိခဲ့ပါသည်။

သို့ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိန်သန်း သိရှိသဘောတူခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ အဆိုပါ အမွေဆိုင်မြေကွက်အား အခြားသူတစ်ဦးဦးထံ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လျှုဒါန်းခြင်းတို့ လုံးဝ (လုံးဝ) မပြုပါရန် ဤကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်တို့မှတစ်ဆင့် အသိပေးတားမြစ်ကြေညာအပ်ပြီး တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးစိန်သန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဦးတင်ငွေ (LL.B) | ဒေါ်ဝင်းသန္တာ (LL.B) | ဒေါ်ငြိမ်းငြိမ်းစု (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၆၆၈၉) | (စဉ်-၁၅၈၆၁) | (စဉ်-၁၇၅၁၄) |
| ဖုန်း-၀၉ ၄၂၁၁၄၂၀၉၃ | ဖုန်း-၀၉ ၄၂၁၀၀၈၈၈၂ | ဖုန်း-၀၉ ၄၅၄၅၂၄၈၈၁ |

အမှတ် (၈၂၈)၊ ကန်သာယာ (၁၂) လမ်း၊ ကျွန်းတောရပ်ကွက်၊
တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပင်လိန်သပြေရွာရှိ ဦးပိုင်အမှတ် (N-97) အကွက်အမှတ်($B_1$ (48x60) ပေ၊ $B_2$(40x60) ပေ၊ $B_{17}$ (42x60)ပေ၊ $B_{18}$ (60x40)ပေ မြေကွက်အသီးသီးတို့အား ဦးမြတ်မိုးထံမှ (၁၂-၁-၂၀၁၉)ခုနှစ်၌လည်းကောင်း၊ ဒေါ်ကေဇာလီမင်းထံမှ (၁-၉-၂၀၂၂) ခုနှစ်၌လည်းကောင်း၊ အဆက်ဆက်စာချုပ်မူရင်းများနှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဘုန်းမြတ် [၁၂/ဒဂရ(နိုင်)၀၁၈၈၇၃]မှ (၂၀၂၂)ခုနှစ်မှစ၍ အပြီးအပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားခဲ့သည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။ သို့ဖြစ်ရာ ယင်းမြေကွက်များနှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ဦးဘုန်းမြတ် မသိရှိပါဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းများ ပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ထိုသို့ပြုလုပ်သူ မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဘုန်းမြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇာခြည်သက် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၁၇၈)**
**၀၉-၄၄၀၉၈၆၁၄၆**

## "အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးလှမောင် [၁၂/မဂဒ(နိုင်)၁၃၅၃၃၄] နှင့် ဒေါ်ငြိမ်းငြိမ်းအိ [၉/ဝတန(နိုင်)၁၃၃၂၃၉]တို့ ပြုလုပ်ချုပ်ဆိုခဲ့ကြသော (၁၄-၁၂-၂၀၂၄) ရက်စွဲပါ နှစ်ဦးသဘောတူ လယ်ယာမြေ စရန်ပေးကတိစာချုပ်ကို သတ်မှတ်ရက်တွင်လည်း ငွေနောက်ထပ်လာရောက်ချေခဲ့ခြင်းမရှိသောကြောင့် နှစ်ဦးသဘောတူ ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **၁။ ဦးလှမောင်** | **ဒေါ်ရှူလိုင်မို့မို့ဝင်း ( LL.B )** |
| **၂။ ဒေါ်ငြိမ်းငြိမ်းအိ** | **အထက်တန်းရှေ့နေ(စဉ်-၅၄၈၀၄)** |
| | **၀၉-၄၅၃၀၈၇၀၂၂** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - သကမ(၁၄)၊ လူနေရပ်ကွက်အမှတ် - ၁၅၊ နွယ်နီ (၃)လမ်း၊ မြေကွက်အမှတ် -၁၁၉၉ (က+ခ) ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်တို့အား နှစ် (၆၀) မြေငှားစာချုပ်အမည်ပေါက်သူ ဒေါ်ခင်ရီ [၁၂/လသယ(နိုင်)၀၂၉၆၂၆] ကိုင်ဆောင်သူမှ အရှုပ်အရှင်းကင်းရှင်းပြီး ၎င်းတစ်ဦးတည်းမှ တရားဝင်လက်ရှိထားပိုင်ဆိုင်လျက် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ရီရီခင် [၁၃/ရစန(နိုင်)၀၀၀၁၈၀] မှလည်း ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၂၄)**
**အမှတ်(၁၉၅)၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊**
**လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း - ၀၉-၅၄၀၇၈၃၀**

## ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် (သကမ-၁၁)၊ လူနေရပ်ကွက် (၁၁)၊ သရဖီလမ်း၊ မြေကွက်အမှတ် (၄၇၇/က)နှင့် ပတ်သက်၍ အများသိစေရန် ကြော်ငြာ

အဆိုပါမြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးထွန်းရွှေ အမည်ဖြင့် မှတ်သားထားရှိသော (ပေ ၂၀x ပေ ၆၀) ပါမစ်မြေကွက်ဖြစ်ပြီး၊ ဦးထွန်းရွှေထံမှ အဆင့်ဆင့်စာချုပ်များဖြင့် ဝယ်ယူထားသော ဒေါ်ပြုံးပြုံးလှိုင် [၁၂/မဂဒ(နိုင်)၁၂၅၄၆၇] ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးသိန်းထွန်း [၁၄/မမက(နိုင်)၀၀၅၇၅၆] က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်မာသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မြင့်သိန်း(မော်ကျွန်း)**
**အထက်တန်းရှေ့နေ (စဉ်-၆၄၃၇/၁၉၈၀)**
**အမှတ်(၉၅၈)၊ ဗိုလ်အောင်ကျော်လမ်း၊ (၇)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်။ ဖုန်း-၀၉-၇၈၇၂၁၇၈၄၄၊ ၀၉-၄၂၀၀၉၅၈၄၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၃၁/၁၃၃)၊ (၃)လွှာလက်ယာဘက် အခြမ်းဟုခေါ်တွင်သော လူနေတိုက်ခန်းအဆောက်အဦနှင့် လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ပိုင်ဆိုင်သူ ဒေါ်စုစုကြွယ် [၆/ထဂန(နိုင်)၁၀၂၆၉၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွေးနွေးစံ [၁၂/ဒပန (နိုင်)၀၅၀၈၆၂]က ဝယ်ယူရန်အတွက် စရန်ငွေများ ပေးအပ်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်း နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်နေ့ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အပြီးသတ် အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းထက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၈၃၈)**
**အမှတ် (၁၆)၊ ကျိုက္ကမီလမ်း၊ တွင်းရပ် ရပ်ကွက်၊ မော်လမြိုင်မြို့။**
**ဖုန်း - ၀၉-၇၉၃၈၂၉၄၉၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊

(၁) မြေကွက်အမှတ် (၁ဘီ.၁.၁+၁ဒီ.၃.၁)၊ ပြည်လမ်း၊ အကျယ်အဝန်း ဧရိယာ (၀.၀၅၃) ဧကရှိ မြေပိုင်မြေ အမျိုးအစား မြေကွက်၊
(၂) မြေကွက်အမှတ် (၁ဘီ.၁.၂+၁ဒီ.၃.၂)၊ ပြည်လမ်း၊ အကျယ်အဝန်း ဧရိယာ (၀.၀၆၈) ဧကရှိ မြေပိုင်မြေ အမျိုးအစား မြေကွက်၊

စုစုပေါင်းမြေကွက်နှစ်ကွက်ပေါင်း ဧရိယာ(၀.၁၂၁)ဧကရှိ မြေကွက် (၂) ကွက်နှင့် အဆောက်အဦ(ယင်းမြေကွက်(၂)ကွက်နှင့် ဆက်စပ်ထိစပ်ပိုင်ဆိုင်ခွင့်၊ မရွေ့မပြောင်းနိုင်သောပစ္စည်းများ၊ အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်မှ ပြည်လမ်းဘက်သို့ ဝင်/ထွက်၊ သွား/ လာသည့် မြေကွက်အမှတ် (၁ဘီ/၁.၅)ဟုခေါ်တွင်သောလမ်းအား ရာသက်ပန်သုံးစွဲခွင့်အပါအဝင်) ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် (၁) **ဦးခိုင်ဇော်လွင်** [၁/မကတ (နိုင်)၀၀၂၆၂၅] နှင့်(၂) **ဒေါ်ပြုံး** [၉/ မမန (နိုင်)၀၇၇၅၀၇] တို့(၂)ဦးပူးတွဲအမည်ပေါက်တည်ရှိပြီး အမည်ပေါက်များကိုယ်တိုင်မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်းဝ(၇)လမ်း၊ မြေကွက်အမှတ် (၉၄၁)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေ၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ **[ဦးစံညွှန့်၊ ဦးခင်မောင်တို့ အမည်ပေါက်]** နှစ်(၆၀)မြေငှားဂရန်မြေကွက်ထဲမှ တရားဝင် ခွဲစိတ်လျက်ရှိသော ခေါင်းရင်းဘက်အခြမ်းရှိ **(ဦးစံညွှန့် ပိုင်ဆိုင်ခွင့်အစု)** (၂၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစံညွှန့်ထံမှ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်အမှတ် (၂၉၀၂/၂၀၂၅)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွဲ့နွဲ့အေး [၁၂/ဥကမ(နိုင်)၀၁၇၆၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သည့် ဒေါ်နိုင်ပပ [၁၂/ဥကတ(နိုင်)၀၄၁၉၂၇]၊ ဒေါ်နိုင်မမ [၁၂/ဥကတ(နိုင်)၀၀၂၁၉၃] နှင့် ဦးဝင်းမင်းနိုင် [၁၂/ဥကတ(နိုင်)၁၃၉၁၇၄] တို့က ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိဝင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၁၀) (၂၉-၇-၂၀၁၄)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၄၅၀၀၁၉၇၄၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၉)၊ မြေကွက်အမှတ်(၁၁၅၈) မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိ ဦးစိန်ထွန်း အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ဖြိုးဝေလှိုင် [၁၁/မအန(နိုင်)၀၄၈၆၁၄]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်ဒေါ်အေးအေးစန်းက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) များပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူများက ကန့်ကွက်လိုပါက ဤကြေညာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင်လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးစန်း[၁၃/ကတန(နိုင်)၀၀၂၃၀၀]**
**Ph:၀၉-၅၁၅၄၈၃၂၊ ၀၉-၇၆၅၁၅၄၈၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်(၁၀၄)၊ မြေကွက်အမှတ်(၁၅၁၇)၊ ရွှေဟင်္သာ(၁)လမ်း၊ မြေကွက်အမည်ပေါက် ဒေါ်စမ်းစမ်းအေး[၁၂/တမန(နိုင်)၀၆၀၃၅၇]၊ ဧရိယာ (၄၀'x၆၀') (၂၄၀၀)ပေ မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၅၁၆)နှင့်ကပ်လျက်အခြမ်း (၂၀'x၆၀')အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဦးမောင်မောင်စိန်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ခြင်းအား ယခုအခါတွင် အရောင်းအဝယ်ပြုလုပ်ရန် ကျွန်တော်အား ကမ်းလှမ်းလာရာ အပြီးအပိုင် ဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့် သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးတင်မင်းလွင်[၁၄/ဒဒရ(နိုင်)၀၄၂၅၇၄]**
**အမှတ်(၄၀၆)၊ ဂရုဏာလမ်း၊ ၁၀၄ ရပ်ကွက်၊ ဒဂုံတောင်၊**
**09-688847999**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၉၃ ရပ်ကွက်၊ မေယုလမ်းသွယ်၊ အိမ်အမှတ်(၆၅၄)နေ(ဘ) ဦးစောစေးသာထူးပေါ် [၈/မကန(နိုင်)၁၄၈၁၇၈]၏ သမီး Grade 12 မှ မနန့်နန်းထိုက်သူအား မနန်းထိုက်သူ အမည်ဟုပြောင်းလဲခေါ်ဆိုပါရန်။

## "ဒဂုံမြို့သစ်မြေကွက်များ ဝယ်ယူလိုပါသည်"

ဒဂုံမြို့သစ်(ဆိပ်ကမ်း) ၅၉/၆၀/၆၁/၆၈/၆၉/၇၇/၇၈/၇၉/၈၀/၈၁/၈၂/၈၃/၈၄/၈၅/၈၆/၈၇/၈၈/၈၉/၉၀/၉၁/၁၆၈/၁၇၂၊ ဒဂုံအရှေ့ (၁၄/၁၅/၁၀၈/၁၁၈/၁၁၉/၁၂၀/၁၂၁/၁၂၂/၁၂၃/၁၂၇/၁၂၉/၁၃၀/၁၃၁/၁၃၂/၁၃၇/၁၃၈/၁၅၇/၁၅၈)၊ တ/ဒဂုံ (၁၄၅/၁၄၆/၁၄၇/၁၄၈/၁၄၉/၁၅၀/၁၅၁/၁၅၂/၁၅၃/၁၅၄) ရပ်ကွက်ရှိ မြေကွက်များကို ပိုင်ရှင်ထံမှ တိုက်ရိုက်ဝယ်ယူလိုပါသည်။

**ဆက်သွယ်ရန်- Ph:09-5134630, 09-798891857, 09-425015277**

## "အမွေဆိုင်မောင်နှမများနှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေဘုံသာလမ်း(အထက်)၊ အမှတ် (၃၆၃/၃၆၅)၊ (၄-လွှာ) (ဘယ်+ညာ)နေ ဦးတင်ရွှေ(ခ)ဟာဂျီကမာရှား (ပိုလိုဆေးတိုက်နှင့် ပိုလိုတည်းခိုရိပ်သာပိုင်ရှင်)၏ တတိယသမီးဖြစ်သူ ဒေါ်ယဉ်ပြုံး [၁၂/သဃက(နိုင်)၁၂၄၄၁၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေအပါအဝင် ဦးမျိုးမြင့်၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်ခင်ဖုန်း၊ ဒေါ်မြင့်မြင့်ကြူနှင့် ဦးမျိုးဝင်းတို့သည် ဖခင်ကြီးဦးတင်ရွှေ(ခ)ဟာဂျီကမာရှားနှင့် မိခင်ကြီး ဒေါ်ခင်မာကြည်(ခ)ဟာဂျီမနူဂျဟန်ဘီဘီတို့မှ မွေးဖွားခဲ့သော သားသမီးအရင်းအချာများ ဖြစ်ကြပါသည်။ အစ်ကိုကြီးဖြစ်သူ ဦးမျိုးမြင့်မှာလည်း အမွေရှင်ဖခင်ထက်စော၍ ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။

မိဘများကွယ်လွန်ပြီးနောက် အောက်ပါမရွှေ့မပြောင်းနိုင်သောပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်။

(၁) ရန်ကုန်ကိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်( ၅၀)၊ မြေကွက်အမှတ် (၉)၊ ဧရိယာစတုရန်းပေ (၀. ၂၃၉) ဧကရှိ နှစ်(၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်(၁၈) နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

(၂) ရန်ကုန်ကိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အကျယ်အဝန်း (၂၀၀' x ၁၀၀') မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သဃ်န်းကျွန်းမြို့နယ်၊ စံချိန်(၁)လမ်း၊ အမှတ်(၂၇၀)၊ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

(၃) ရန်ကုန်ကိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂)၊ မြေကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၈)၊ အကျယ်အဝန်းဧရိယာစတုရန်းပေ (၁.၉၆၅) ဧကမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သဃ်န်းကျွန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဇာဝေယာလမ်း၊ ခြံအမှတ် (၁)၊ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

(၄) ရန်ကုန်ကိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆ ဒီ ၃)၊ မြေကွက်အမှတ်(၃)၊ အကျယ်အဝန်း( ၂၈'၉"x ၅၆' ½ )ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပန်းဘဲမြို့နယ်၊ (၈)ရပ်ကွက်၊ လမ်း (၃၀)နှင့် အနော်ရထာလမ်းမကြီး၊ တိုက်အမှတ် (၂၄၀) Polo Guest House မြေညီထပ်မှ (၁၀) လွှာအထိ တိုက်ခန်း၊ (၁၀)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

(၅) ရန်ကုန်ကိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၇ )၊ မြေကွက်အမှတ် (၇၅၀/ခ)၊ လူနေရပ်ကွက်အမှတ် (၇)၊ အကျယ်အဝန်း(၂၀' x ၆၀') (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၇၅၀/ခ) နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်။

(၆) ရန်ကုန်ကိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဇာဝေယာလမ်း၊ ခြံအမှတ် (၁)ရှေ့ရှိ ကန်စွန်းခြံမြေကွက်။

(၇) ရန်ကုန်ကိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စက်မှုဇုန်မြေကွက်(၂)ကွက်။

(၈) ယာဉ်အမှတ် (1D – 6090)၊ ယာဉ်အမျိုးအစား( Toyota Hilux )၊ (အပြာရောင်)၊ ကား(၁)စီး။

(၉) ပိုလိုတံဆိပ် အမည်အမှတ်အသားပါ ပိုးသတ်ဆေးအမျိုးမျိုး ထုတ်လုပ်ရောင်းချရေးလုပ်ငန်းမှ ရရှိသောဝင်ငွေများ စသည်တို့ဖြစ်ပါသည်။

မိဘများ ကွယ်လွန်ပြီးနောက်ကျန်ရစ်ခဲ့သော အထက်ပါအမွေပစ္စည်းများနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ယဉ်ပြုံးမှ အစ္စလာမ့်ဥပဒေနှင့်အညီ ခွဲဝေပေးပါရန် အမွေဆိုင်များထံမှ တောင်းဆိုခဲ့သော်လည်း အချိန်ကာလကြာမြင့်ခဲ့ပြီး ယနေ့အချိန်ထိ ခွဲဝေပေးခြင်းမရှိပါ။ ယခုအခါ ဒေါ်ယဉ်ပြုံးအနေဖြင့် အချိန်ကာလထပ်မံစောင့်ဆိုင်းပေးရန် အခက်အခဲရှိပါသဖြင့် ဒေါ်ယဉ်ပြုံးမှ ဦးဆောင်ပြီး အထက်ပါ အမွေပစ္စည်းများကို ရောင်းချကာ ခွဲဝေရယူမည်ဖြစ်ပါသည်။ အကယ်၍ အမွေဆိုင်တစ်ဦးဦးမှ သဘောတူညီမှုမရှိပါက အဆိုပါအမွေဆိုင်မှ ဒေါ်ယဉ်ပြုံး အကျိုးခံစားရရှိမည့် အမွေဝေစုကို ဤကြေညာချက်ပါရှိသည့်နေ့မှ (၁) လအတွင်း အပြီးအပြတ်ခွဲဝေပေးပါရန် တောင်းဆိုလိုက်ပါသည်။ အကယ်၍ အထက်ပါတောင်းဆိုချက်ကို လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက ဒေါ်ယဉ်ပြုံး ဆက်ခံခွင့်ရရှိမည့် အမွေဝေစုကို ရောင်းချသွားမည်ဖြစ်ကြောင်း(သို့မဟုတ်)ဥပဒေအရ တရားစွဲဆိုသွားမည် ဖြစ်ကြောင်းနှင့် ဒေါ်ယဉ်ပြုံး သဘောတူညီချက်မရရှိဘဲ အမွေဝေစုအားလုံးကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်လှူဒါန်း၊ တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း မပြုလုပ်ကြရန် အသိပေးအပ်ပါသည်။

ထို့အပြင် အမှတ်စဉ်(၄)ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ လမ်း(၃၀)နှင့် အနော်ရထာလမ်းမကြီး၊ တိုက်အမှတ်(၂၄၀) Polo Guest House (၁၀)ထပ်ပေါ်ရှိ ငှားရမ်းထားသော တာဝါတိုင်နှင့် ဆိုင်ခန်းတို့ကိုလည်း နောက်ထပ်ငှားရမ်းခြင်း ဆက်လက်မပြုပါရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဒေါ်ယဉ်ပြုံး** | **ဦးလှချို (B.Sc,H.G.P,R.L,D.B.L,D.M.L)(စဉ်-၅၅၅၄)** |
| **[၁၂/သဃက(နိုင်)၁၂၄၄၁၉]** | **စီးပွားရေးနှင့် ရေကြောင်းဆိုင်ရာဥပဒေဒီပလိုမာ** |
| **၀၉-၄၅၁၄၅၀၃၅၃၊ ၀၉-၂၆၃၄၅၃၉၃၈** | **တရားလွှတ်တော်ရှေ့နေ** |

| | |
|---|---|
| **ဒေါ်မာမာသိန်း (LL.B)** | **ဒေါ်နှင်းဝေလွင် (LL.B)** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၄၃၀၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်- ၁၈၊ မြေညီထပ်၊ ဦးဖိုးကျားလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၈၊ မြေကွက်အမှတ်-၁၃၄၊ မြေကွက်တည်နေရာ-အမှတ်- ၁၃၄၊ လင်းပင်လမ်း၊ ၃၈ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်သိန်းရီ(GWA-၀၃၇၃၆၁) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား မြေအမည်ပေါက် ဒေါ်သိန်းရီတွင် ပထမအိမ်ထောင် ဦးသိန်းထွန်းနှင့် ဒုတိယအိမ်ထောင် ဦးဌေးလွင် တို့ရှိခဲ့ကြောင်း၊ ပထမအိမ်ထောင်(ခင်ပွန်း)ဦးသိန်းထွန်းသည် (၃၀-၄-၁၉၇၅)ရက်နေ့တွင် ကွယ်လွန်ခဲ့ပြီး သားသမီးအဖြစ် ဒေါ်ခင်ထိပ်ထား [၁၂/ဥကမ (နိုင်)၀၁၈၇၉၀] တစ်ဦးတည်းသာ မွေးဖွားခဲ့ကြောင်း၊ ဒေါ်သိန်းရီသည် (၂၈-၁-၂၀၁၅) ရက်နေ့တွင် ကွယ်လွန်သဖြင့် ပထမအိမ်ထောင်မှ မွေးဖွားခဲ့သည့်သမီးဖြစ်သူ ဒေါ်ခင်ထိပ်ထားနှင့် ဒုတိယအိမ်ထောင်ဖြစ်သူ (ခင်ပွန်း)ဦးဌေးလွင် [၁၂/ဥကမ(နိုင်)၀၇၈၈၆၇] တို့ပူးတွဲ၍ သားသမီး/ ခင်ပွန်းတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်ဂရန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အပိုင်ပေးစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ရွှေဥဒေါင်းလမ်း၊ မြေကွက်အမှတ်(၉၇၇) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၀.၀၅၅)ဧကရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်ခင်အေးသစ် [၇/ပခန (နိုင်)၁၈၅၈၆၅]** မှ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး ၎င်းမှ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်တားမြစ်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နှင်းဝေအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၉၁၇)**
**LL.B, D.B.L, D.M.L, D.I.L (W.I.P.O–Switzerland)**
**အခန်းအမှတ်(၄၀၁)၊ ဆရာစံလမ်း၊ ရန်ကင်းစင်တာအိမ်ရာ၊ (၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၇၉၁၇၂၆၀၇၊ ၀၉–၄၄၈၀၂၅၈၃၇**

## “ပါမစ်မူရင်းပျောက်ဆုံးကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မင်းရဲကျော်စွာ (၂)လမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(၇၁)၊ မြေကွက်အမှတ်(၁၇၉၅/ခ)၊ ဧရိယာ (၂၀x၆၀)ပေ ဦးမောင်အေး အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်ကြီးထဲမှ အကျယ်(၁၀x၆၀)ပေရှိ (ခြေရင်း)ဘက်အခြမ်း မြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမြင့် [၁၂/သဃက(နိုင်)၁၂၂၁၂၆]၏ မိဘများက (၂၀၀၇)ခုနှစ်က ဝယ်ယူခဲ့ပြီး ယင်းပါမစ်မူရင်းကို ဦးဝင်းမြင့် လက်ဝယ်သိမ်းဆည်းထားစဉ် ယခုအခါ ပျောက်ဆုံးလျက်ရှိပါသည်။ ပျောက်ဆုံးလျက်ရှိသော ပါမစ်မူရင်းနှင့်ပတ်သက်၍ တစ်စုံတစ်ဦးမှ မရိုးမသား ပြုမူခဲ့ပါက ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဌေးလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်– ၂၃၄၀၈)**
**အမှတ်(၃၁၅)(၂၁)ရပ်ကွက်၊ အောင်ဇေယျာဘုရားလမ်း၊ ရွှေပေါက်ကံမြို့သစ်။ Ph: 09–401579081**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၁)၊ မြေကွက်အမှတ်(၁၇၉၅/ခ)မင်းရဲကျော်စွာ(၂)လမ်း၊ ဧရိယာ (၂၀x၆၀)ပေ အကျယ်ရှိ ဦးမောင်အေး အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်ကြီးမှ အကျယ်(၁၀x၆၀)ပေအကျယ်ရှိ(ခြေရင်း)ခြမ်း မြေကွက်နှင့်အိမ်အား ဦးမောင်အေး ထံမှတစ်ဆင့် ဝယ်ယူထားသူ (၁)ဒေါ်ရီရီ၊ (၂)ဦးလှမြင့်၊ (၃) ဦးဝင်းမြင့်၊ (၄)ဦးလေးမြင့်၊ (၅)ဒေါ်အေးအေးစမ်း၊ (၆)ဦးမျိုးအေးထွေးတို့မှ ကာလပေါက်ဈေးဖြင့် ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူပြီး စရန်ငွေအချို့ကို ပေးအပ်ထားပါသည်။ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်ကိုတရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဌေးလွင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၂၃၄၀၈)**
**အမှတ်(၃၁၅)၊ (၂၁)ရပ်ကွက်၊ အောင်ဇေယျာဘုရားလမ်း၊ ရွှေပေါက်ကံမြို့သစ်။**
**09–401579081**

## ဦးအောင်ထွေးမင်း [၁၂/သဃက (နိုင်) ၁၃၆၈၃၂] နှင့် ဦးအောင်ထွန်းမင်း [၁၂/သဃက (နိုင်) ၁၃၆၉၈၇]တို့ သိရှိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးထက်ဇော်မင်း [၁၂/မဂတ (နိုင်) ၀၉၅၁၄၀]နှင့် ဦးနေဇော်မင်း [၁၂/မဂတ(နိုင်)၀၉၅၁၄၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

